ကျေးလက်ဒေသ
ဖွံ့ဖြိုးတိုးတက်ရေးအတွက်

# ကြေးမုံရွာ ဂျာနယ်

အတွဲ - ၂၂၊ အမှတ် - ၁၈၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၁၅) ရက်၊ တနင်္လာနေ့။

Our Village Journal

ရှမ်းပြည်နယ်ထွက် နာနတ်သီးများ ရန်ကုန်ဈေးကွက်တွင် ဈေးကောင်းရ

စာ - ၆ သို့



စက်သုံးဆီလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရန် ရေနံချက်စက်ရုံများ တည်ဆောက်နေ

စာ - ၁၀ သို့



## Rice Export Zone များအား မြို့နယ် ၁၀၀ ခန့်တွင် လာမည့် နွေစပါးရာသီ၌ စတင်အကောင်အထည်ဖော်မည်



ဓာတ်ပုံ- moi

Rice Export Zone များအား မြို့နယ် ၁၀၀ ခန့်တွင် လာမည့်နွေစပါးရာသီ၌ စတင်အကောင်အထည်ဖော်မည် ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ ထုတ်ပြန်ချက်အရ သိရသည်။ Rice Export Zone များ ဖော်ဆောင်ရေးဆိုင်ရာ ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်များနှင့် နိုင်ငံတကာသို့ ဆန်၊ ဆန်ကွဲ တင်ပို့နိုင်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းဝေးကို ပြီးခဲ့သည့် ဩဂုတ်လ ၂၈ ရက်က ရန်ကုန်မြို့ ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ Rice Export Zone များအား မြို့နယ် ၁၀၀ ခန့်တွင်

စာ - ၆ သို့

ပေါ်ဆန်းမွှေးဆန်ကို ထိုင်း Jasmine ဆန်ကဲ့သို့ပြည်ပဈေးကွက်ထိုးဖောက်နိုင်ရေး ဆောင်ရွက်

စာ - ၃ သို့

တည်ငးကုန်းဈေးကြီးသို့ တစ်ရက်လျှင် ဖရဲသီးကား ၁၀ စီးခန့် ဝင်ရောက်နေပြီး ရောင်းအားတက်

စာ - ၃ သို့

ခါကာဘိုရာဇီ ပျားရည်ကို တရုတ်တွင်သာမက ပြည်တွင်း၌လည်း ဈေးကောင်းရ

စာ - ၇ သို့

လယ်မြေကို လယ်မစိုက်ဘဲ အကွက်ရိုက်ရောင်းချမှုများ သတိထားရန်လိုအပ်

စာ - ၇ သို့

ပလတ်စတစ်အမှိုက်များမှတစ်ဆင့် ဓာတ်ဆီထုတ်လုပ်နည်း ပညာရှင်များတီထွင်

စာ - ၁၃ သို့



မြို့နယ်အသီးသီးတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြုနည်း လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေး

စာ - ၄ သို့

တရားမဝင် အွန်လိုင်းလောင်းကစားမျိုးစုံနှင့် လောင်းကစားအေးဂျင့်များကို အရှိန်အဟုန်မြင့် တားဆီးရန်လို

စာ - ၇ သို့






## ဆစ်ပိုးအန္တရာယ် ကြိုတင်ကာကွယ်

**စပါးဆစ်ပိုး** ကျရောက်မှုကို မြန်မာပြည် စပါးစိုက်ပျိုးရာဒေသအနှံ့အပြားတွင် တွေ့ရှိနိုင်ပြီး မိုးစပါးနှင့် နွေစပါး နှစ်မျိုးစလုံးမှာ ကျရောက်လေ့ရှိပါတယ်။ အမြဲမပြတ်ရေလျှံလေ့ရှိတဲ့ ရေနေပတ်ဝန်းကျင်များမှာ တွေ့ရှိနိုင်တာကြောင့် မိုးစပါးတွင် ဖျက်ဆီးမှုများသည့် ဖျက်ပိုးတစ်မျိုးလည်းဖြစ်ပါတယ်။ စပါးပြီးစပါး ဆက်တိုက် စိုက်ပျိုးသောဒေသများမှာ ဖျက်ပိုးကျရောက်မှု ပိုများတတ်ပြီး လက်ခံသီးနှံပင် အမြဲမပြတ်ရှိခြင်း၊ ရာသီဥတုနှင့် ပတ်ဝန်းကျင်အနေအထားပေါ်မူတည်၍ တစ်နှစ်လျှင် မျိုးဆက် နှစ်ဆက်မှ ခြောက်ဆက်အထိ ပွားများနိုင်ပါတယ်။

### *ကျရောက်သည့်အချိန်*

ပျိုးပင်ငယ်အဆင့်မှ ရင့်မှည့်ချိန်အထိ စပါးပင်သက်တမ်းတစ်လျှောက်တွင် ကျရောက်နိုင်ပါတယ်။

### *ဖျက်ဆီးပုံလက္ခဏာများ*

ပင်ပိုင်းကြီးထွားသည့်အဆင့်တွင် ကျရောက်ပါက လောက်ကောင်သည် ပင်စည်အတွင်း ဝင်ရောက်ဖျက်ဆီးမှုကြောင့် စပါးပင်အလယ်ရှိ ခေါင်ညွန့်များ ဝါခြောက်လာပြီး သေသွားသည့် အူပုပ်လက္ခဏာ (Dead heart) ကို တွေ့ရမှာဖြစ်ပါတယ်။ ပင်ခြေတွင်လည်း စားသောက်ဖျက်ဆီးထားသော ပိုးဖောက်ဒဏ်ရာများရှိပြီး ပင်စည်ကိုခွဲကြည့်ပါက ပိုးမစင်နှင့် လောက်ကောင်များကို တွေ့နိုင်ပါတယ်။ အပင်ကိုဆွဲနုတ်ကြည့်ပါကလည်း အရင်းကနေ အလွယ်တကူ နုတ်ယူလို့ရမှာဖြစ်ပါတယ်။ အနှံထွက်သည့်အဆင့်တွင် ကျရောက်ပါက စပါးနှံများခြောက်ကုန်ပြီး အနှံဖြူများထောင်မတ်နေသော အနှံဖြူလက္ခဏာ (White ear-head) ကို တွေ့ရမှာဖြစ်ပါတယ်။

### *ကာကွယ်နှိမ်နင်းရေးနည်းလမ်းများ*

- စပါးဆစ်ပိုးကျရောက်မှုဒဏ်ခံနိုင်ရည်ရှိသော စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးပါ။
- စိုက်ခင်းအတွင်း ပိုးကျရောက်မှုရှိ/မရှိကို အမြဲမပြတ် ကွင်းဆင်းစစ်ဆေးပြီး ဆစ်ပိုးဥမြုံများ တွေ့ရှိပါက လက်ဖြင့်ကောက်ယူဖျက်ဆီးပစ်ပါ။
- ကောက်ကွက်စိပ်စိပ်စိုက်ခြင်းကိုရှောင်ပါ။
- ဖလံများကို စွဲဆောင်ဖမ်းယူရန်အတွက် မီးထောင်ချောက်ထွန်းပါ။
- နိုက်ထရိုဂျင်မြေဩဇာ အလွန်အကျွံသုံးစွဲခြင်းကိုရှောင်ပါ။
- ရွှေ့ပြောင်းစိုက်ပျိုးပြီး (၂၈) ရက်သားမှ စတင်၍ စိုက်ခင်းအတွင်း ဥကပ်ပါးနဂျီ (Trichogramma) လွှတ်ပေးပါ။
- ဓာတုပိုးသတ်ဆေးအနေဖြင့် Carbosulfan 20% EC ပါဝင်သော အမ်-ကာဘိုကို အညွှန်းပါအတိုင်း စနစ်တကျပက်ဖျန်းပေးပါ။




## အမ်-ကာဘို (Carbosulfan 20%EC)

**ထိသေ၊ စားသေနှင့် ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေး**


**အသုံးပြုရန်နှုန်းထား**

စပါး- တစ်ဧကလျှင် (၂၀၀-၃၀၀)စီစီနှုန်းဖြင့် အသုံးပြုနိုင်ပါသည်။

**သတိပြုရမည့်အချက်များ**

- တစ်ရာသီဆေးဖျန်းကြိမ်ရေ သုံးကြိမ်
- ဆေးဖျန်းခြားရက် (၁၄)ရက်
- ဆေးဖျန်းပြီး ပြန်လည်ဝင်ရောက်နိုင်သောကာလ (၂၄)နာရီ
- တစ်ဧကလျှင် ရေ(၂၀)လီတာဝင် ဆေးဖျန်းပုံး ခြောက်ပုံးနှုန်းဖြင့် တွက်ချက်ထားပါသည်။

# ထိုင်း ကျွဲကောသီးမျိုးများ ပြည်တွင်းဝင်ရောက်နေသော်လည်း မော်လမြိုင်ကျွဲကောသီးများက လူကြိုက်အများဆုံးဖြစ်နေ



ထိုင်းကျွဲကောသီးမျိုးများ ပြည်တွင်းဝင်ရောက်နေသော်လည်း မော်လမြိုင်ကျွဲကောသီးများက လူကြိုက်အများဆုံး ဖြစ်နေကြောင်း မော်မော်ကျွဲကောသီးဒိုင်ထံမှ သိရသည်။ ယခင်က တရုတ်ပြည်ဈေးကွက်ကို အားထားခဲ့ရသော မွန်ပြည်နယ်ထွက် ကျွဲကောသီးများသည် လက်ရှိတွင် ပြည်တွင်းဈေးကို အားထားနေကြောင်း သိရသည်။ "ထိုင်းကျွဲကောက ပန်းရောင်နုနုလေး။ အရသာက ချိုသလိုနဲ့မချိုဘူး။ မြန်မာအရသာလိုမစွဲမက်စေဘူး။ ဒါပေမဲ့ သူတို့မှာလည်း အကောင်းစားရှိရင်ရှိမှာပေါ့။ မြန်မာပြည်ကိုတင်တဲ့အသီးက သိပ်မကောင်းဘူး။ မြန်မာလူမျိုးတွေတော့ သိပ်မကြိုက်ကြဘူး။ စားတာကလည်း မော်လမြိုင်ကျွဲကောမရှိမှပဲထိုင်းကျွဲကောသီးစားကြတာ။ **မော်လမြိုင်ကျွဲကောဆိုတာ အကောင်းဆုံးပဲ။ အဲဒါတော့ ရဲရဲကြီးအာမခံတယ်။ အဲဒီအထဲမှာ သကြားသီးဆိုတာရှိသေးတယ်။ ပန်းရောင်နံပါတ်တစ်ဆိုတာ သဘာဝရဲ့အရောင်ပါတယ်။ အချိုဓာတ်ပါတယ်။ ကယ်လ်ဆီယံဓာတ်ပါတယ်။ အချဉ်လေးနဲ့ အချိုလေးနဲ့ အရောင်လေးနဲ့ သဘာဝဖြစ်တဲ့အတွက်ကျန်းမာရေးကိုလုံးဝအထောက်အကူပြုတယ်။** အဲဒီမော်လမြိုင်ကျွဲကော ပန်းရောင်နံပါတ်တစ်က အကောင်းဆုံးပဲ"ဟု မော်မော်ကျွဲ ကောသီးဒိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သို့သော် လက်ရှိတွင် အရောင်းနှေးသော်လည်း လာမည့်ပွင့်လင်း ရာသီ၌ မွန်ပြည်နယ်ထွက် ကျွဲကောသီးများ ဈေးကောင်းရရန် ရည်မှန်းထားကြောင်း အထက်ပါ သတင်းရင်းမြစ်က ဆိုသည်။ "အခုအရောင်းနှေးတယ်။ ပွင့်လင်းရာသီရောက်လာရင်တော့ ပွဲတွေနဲ့ဆိုတော့ အဲဒီအချိန်ကျရောင်းရတယ်။ ရောင်းရဖို့လည်း မျှော်လင့်တယ်"ဟု ၎င်းက ပြောသည်။ မော်လမြိုင်ဒေသထွက် ကျွဲကောသီးများအား တစ်နိုင်ငံလုံးအနှံ့ တင်ပို့ရောင်းချရာတွင် အလုံးအကြီးအသေးနှင့် အမျိုးအစားပေါ်မူတည်၍ ကျပ် ၁၀၀၀ မှ ကျပ် ၁၀၀၀၀ အထိ ပေါက်ဈေးရှိကြောင်း သိရသည်။ "ဈေးကတော့လက်လီဈေးနဲ့လက်ကားဈေး နှစ်မျိုးခွဲရောင်းကြတာပေါ့နော်။ အနည်းဆုံး ၁၀၀၀ ကနေ အများဆုံး ၁၀၀၀၀ အထိ ရောင်းလို့ရတယ်။ သကြားသီးအဖြူရောင်လည်း ရောင်းအားကောင်းတယ်"ဟု ၎င်းကဆိုသည်။ လာမည့်ပွင့်လင်းရာသီတွင် မွန်ပြည်နယ်ထွက်ကျွဲကောသီးများ ဈေးကောင်းရရန် ရည်မှန်းထားကြောင်း အထက်ပါသတင်းရင်းမြစ်က ဆိုသည်။ "ပွင့်လင်းရာသီရောက်လာရင်တော့ ပွဲတွေနဲ့ဆိုတော့ အဲဒီအချိန်ကျရောင်းရတယ်။ ရောင်းရဖို့လည်း မျှော်လင့်တယ်။ အခုကတော့ ကျွဲကောသီးတွေ မိုးတွင်းလည်းဖြစ်တော့ အရမ်းလည်းမချိုဘူး။ ပွင့်လင်းရာသီ ရောက်လာရင်တော့ အရင်နှစ်တွေက အရမ်းရောင်းရတယ်"ဟု ၎င်းက ပြောသည်။

***သန်းဇော်မင်း***

# ဓာတ်အားပျောက်ဆုံးမှု သက်သာစေသော ပစ္စည်းနှင့် နည်းပညာ မြန်မာနိုင်ငံတွင် ရောက်ရှိ

ဓာတ်အားပျောက်ဆုံးမှု သက်သာစေသော ပစ္စည်းနှင့် နည်းပညာ မြန်မာနိုင်ငံတွင် ရောက်ရှိနေပြီဖြစ်သော်လည်း ဆွေးနွေးရန် အဆင့်များ ကျန်နေသေးကြောင်း ယင်းပစ္စည်းနှင့် ပတ်သက်၍ တာဝန်ရှိသူ တစ်ဦးက ဒို့ကျေးရွာဂျာနယ်သို့ ပြောသည်။

အဆိုပါ ကိရိယာမှာ ပျောက်ဆုံးလျှပ်စစ်ဓာတ်အားများကို အပြည့်ပြန်လည် ဖြည့်ဆည်းရန် ကူညီပေးနိုင်မည်ဖြစ်ပြီး ဂျပန်နည်းပညာဖြင့် တီထွင်ထားခြင်းဖြစ်ကာ မြန်မာနိုင်ငံတွင်လည်း စမ်းသပ်မှုများကို ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။ "အားနည်းချက်ဖြစ်သွားနိုင်တာ နည်းပညာရှင်ပေါ့။ အဲဒါကို တီထွင်တဲ့လူက သူက ဂျပန်မှာ ကျန်းမာရေးမကောင်းတော့ အမှန်က ဧပြီလကတည်းက လာဖို့မလာနိုင်ဘူးဖြစ်သွားတယ်။ သူမရှိလည်း ဒီမှာ တပ်မယ်၊ Run ထားမယ်လို့ ရည်ရွယ်သေးတယ်။ နည်းပညာတွေလည်း ရန်ကုန်မှာ ရောက်နေပြီ။ တပ်မယ်ဆိုရင် လိုက်တပ်လို့ ရတယ်။ ဒါပေမဲ့ အကျိုးအမြတ်ခွဲဝေတဲ့ ကိစ္စတွေ စီးပွားရေးပိုင်းဆိုင်ရာကတော့ ဆွေးနွေးဖို့ ကျန်သေးတာပေါ့။ ဆွေးနွေးရမှာပေါ့။ အဓိကကတော့ ပညာရှင် ကျန်းမာရေးမကောင်းသေးလို့ပါ" ဟု အထက်ပါ သတင်းရင်းမြစ်က ဒို့ကျေးရွာဂျာနယ်သို့ ပြောသည်။

ဓာတ်အားပျောက်ဆုံးမှုသက်သာသော ပစ္စည်းနှင့် နည်းပညာကို အသုံးပြုနိုင်ပါက မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများကို လျှော့ချပေးနိုင်မည်ဖြစ်ပြီး လက်ရှိ ရရှိနိုင်သော လျှပ်စစ်ဓာတ်အား ပမာဏထက် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**"ကြားထဲမှာ Transformer ခံသလို မျိုးပုံစံနဲ့ တူသော်ငြားလည်း အလုံးအကြီးကြီးတွေ မဟုတ်ဘူး။ ပစ္စည်းက သေးသေးလေးနဲ့ ဝိုင်ယာကြိုးပေါ်မှာ ထားလိုက်တာ။ ရှင်းရှင်းပြောရရင် ကြေးကြိုးကို ကြေးရည်စိမ်လိုက်သလိုပဲပေါ့။ အရောင်က ရွှေရောင်လိုမျိုး၊ အဲဒါလေးကို အခြောက်ခံပြီးတော့ ကျိုင်ကြိုးပြန်ပတ်တာပေါ့။ အဝင်ကြိုးက တစ်ဖက်က ပြန်ဝင်တယ်။ တစ်ဖက်က ပြန်ထွက်တယ်။ ပြန်ထွက်တဲ့အချိန်မှာ မီးအားက ပါဝါတက်သွားတယ်ပေါ့**နော်။ Line Lost ကို လျှော့ချပေးတာပေါ့။ ဓာတ်အားဆုံးရှုံးမှုကို လျှော့ချပေးတာပေါ့။ ဓာတ်အားပေးစက်ရုံတွေက ထွက်လာမယ်။ ၁၀၀ ထုတ်ပေးလိုက်ရင် တစ်ဖက်မှာ ၇၀ လောက်ပဲ ကျန်တာကိုး။ အဲဒါမျိုး လျော့နည်းသွားစေတာပေါ့" ဟု ၎င်းက အဆိုပါ ပစ္စည်းနှင့် ပတ်သက်၍ အသုံးဝင်ပုံကို ရှင်းပြသည်။

***ရွှေစင်***

# ပေါ်ဆန်းမွှေးဆန်ကို ထိုင်း Jasmine ဆန်ကဲ့သို့ ပြည်ပဈေးကွက် ထိုးဖောက်နိုင်ရေး ဆောင်ရွက်

ပေါ်ဆန်းမွှေးဆန်ကိုထိုင်း Jasmine ဆန်ကဲ့သို့ ပြည်ပဈေးကွက်ထိုးဖောက်နိုင်ရေး ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

အဆိုပါဆန်ကို မြန်မာ့တန်းမြင့်ဆန်မွှေး (Premium Quality Myanmar Fragrant rice) အဖြစ် ထိုင်းနိုင်ငံက Jasmine နှင့် အိန္ဒိယနိုင်ငံက Basmati ကဲ့သို့ ပြည်ပဈေးကွက်တင်နိုင်စေရန် နိုင်ငံတော်အစိုးရမှ လမ်းညွှန်ထားသည့်အတွက် ဆောင်ရွက်နေကြောင်း သိရသည်။ လက်ရှိတွင် ဆန်အထွက်နှုန်းနှင့် အရည်အသွေး စီမံမှုပုံစံများကို ပြောင်းလဲပြီး ကုန်အမှတ်တံဆိပ် (brand ) ဖြင့် နိုင်ငံတကာကို ထိုးဖောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**"မြန်မာ့ပေါ်ဆန်းဖောင်ဒေးရှင်းကို ဖွဲ့စည်းတည်ထောင်ပြီး GI ရဖို့နဲ့ စိုက်ပျိုးသည်မှ ဈေးကွက်အထိ value chain ဖွံ့ဖြိုးရေးကို ၂၀၂၅-၂၀၃၅ အတွင်း စီမံချက်ထားပြီး ဆောင်ရွက်ဖို့ လုပ်နေပါတယ်"**ဟု ဦးရဲမင်းအောင်က ပြောသည်။ လက်ရှိတွင် ဂျပန်၊ စင်ကာပူနှင့် ဘယ်ဂျီယံစသော နိုင်ငံများကို တန် ၅၀ မှ ၁၀၀ အထိလစဉ်မိတ်ဆက်သဘောဖြင့် စမ်းသပ်တင်ပို့နေကြောင်း သိရသည်။ "ရတဲ့ feedback တွေ ကောင်းပါတယ်။ တစ်တန် USD 700–800 ဝန်းကျင် ဈေးကြီးတယ်ဆိုတဲ့ feedback ကိုတော့ ကျွန်တော်တို့ မလုပ်ပေးနိုင်သေးဘူး။ လောလောဆယ် အထွက်နှုန်းက မတိုးသေးတော့ ပြည်တွင်းဈေးက မြင့်နေပါသေးတယ်။ **တဖြည်းဖြည်းနဲ့ တစ်ဧက အထွက်နှုန်းတိုးအောင် လုပ်ရပါမယ်"** ဟု ၎င်းက ဆက်လက်ပြောသည်။

***ချိုဇင်***

# တညင်းကုန်းဈေးကြီးသို့ တစ်ရက်လျှင် ဖရဲသီးကား ၁၀ စီးခန့် ဝင်ရောက်နေပြီး ရောင်းအားတက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်ရှိ တညင်းကုန်းလက်လီလက်ကားဈေးကြီးသို့ တစ်ရက်လျှင် ဖရဲကား ၁၀ စီးဝန်းကျင်ခန့် ဝင်ရောက်နေကာ ဈေးကောင်းရသည့် အပြင် ရောင်းအားတက်နေကြောင်း သိရသည်။

လက်ရှိတွင် ဖရဲသီးပေါ်ရာသီသို့ ပြန်လည်ရောက်ရှိလာသောကြောင့် မြန်မာပြည်အထက်ပိုင်း မုံရွာ၊ မြင်းခြံနှင့် မိတ္ထီလာမြို့နယ်အတွင်းရှိ ဖရဲစိုက်ခင်းများမှ ဖရဲများ ပြန်လည်ဝင်ရောက်ပြီဖြစ်ကြောင်း သိရသည်။

**"တစ်နေ့ကို ဖရဲ ၁၀ စီးလောက်တော့ အဝင်အထွက်ရှိတယ်။ အခုက မုံရွာကွင်း၊ မြင်းခြံကွင်းနဲ့ မိတ္ထီလာကွင်းဆိုပြီး သုံးကွင်းပေါ့။ အညာဘက်က အများစုဝင်နေကြတယ်"**ဟု တညင်းကုန်းဈေးမှ ဖရဲကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဖရဲသီးလက်ကားဈေးကွက်အတွင်း ဖရဲသီးတစ်လုံးလျှင် ငွေကျပ် ၂၀၀၀ မှစကာ ပေါက်ဈေးရှိနေပြီး ယခင်နှစ်များထက် ဈေးကောင်းရနေကြောင်း အထက်ပါ သတင်းရင်းမြစ်က ဆိုသည်။

**"ပြန်လည်ဖြန့်ဖြူးတဲ့အပိုင်းမှာတော့ ရောင်းအားကောင်းလာတယ်။ ဈေးကြီးကလည်း လက်ကားဈေးကြီးဖြစ်သွားတော့ကောင်းလာတာပေါ့"**ဟု ၎င်းက ဆက်ပြောသည်။

ယခင်က မြန်မာ့ဖရဲသီးကို တရုတ်သို့ အဓိကတင်ပို့ခဲ့သော်လည်း လက်ရှိတွင် ပြည်ပဈေးကွက်ထက် ပြည်တွင်းဈေးကွက်ကိုသာ အဓိက အားထားရောင်းချနေရကာ ပြည်တွင်းထွက်ဖရဲသီးအားလုံးကို ရန်ကုန်သီရိမင်္ဂလာဈေးနှင့် တညင်းကုန်းဈေးကိုသာ အဓိကတင်ပို့ ရောင်းချနေရခြင်းဖြစ်ကြောင်း သိရသည်။ ဖရဲကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အပြင် ဒေသအသီးသီးရှိ မြေလွတ်မြေရိုင်းများ ဖော်ထုတ်စိုက်ပျိုးလျက်ရှိသကဲ့သို့ ခရမ်း၊ သုံးခွ၊ လှည်းကူး၊ ပဲခူး၊ ဟင်္သာတ၊ ပျဉ်းမနား၊ မိတ္ထီလာ၊ သာစည်၊ မြစ်သား၊ မြင်းခြံ၊ ကျောက်ဆည်၊ တံတားဦး၊ စစ်ကိုင်း၊ ကသာ၊ ထီးချိုင့်ဒေသများတွင် အများအပြားစိုက်ပျိုးကြောင်း သိရသည်။



***သန်းဇော်မင်း***

# ရိုးရာယဉ်ကျေးမှုကို လက်ဆင့်ကမ်းထိန်းသိမ်းပါ

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ဂုဏ်ဒြပ်နှင့် အဆင့်အတန်းကို ညွှန်းဆိုပြသမည်ဆိုလျှင် ထိုနိုင်ငံ၊ ထိုလူမျိုး၏ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သော အနုသုခုမ ယဉ်ကျေးမှုအဆင့်အတန်း မည်မျှ သက်တမ်းရှည်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မှုနှင့် ရှေးအစဉ်အလာမပျက် ဖော်ထုတ်ပြသနိုင်မှုသည် အဓိကကျသည့် အချက်ဖြစ်သည်။ မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းက တည်တံ့ဖြစ်ထွန်းခဲ့သော ယဉ်ကျေးမှု အနုသုခုမပညာရပ်များသည် ယနေ့ထက်တိုင်အောင် အရှည်တည်တံ့ခိုင်မြဲပြီး ရှေးမူဟန်မပျက် ဖော်ထုတ်ပြသလျက်ရှိသည်ကို တွေ့မြင်ရသည်။ နိုင်ငံ တစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ရှင်သန်ထက်မြက်နေစေရန်အတွက် ထိုနိုင်ငံ၏ အစဉ်အဆက် ယဉ်ကျေးမှုအမွေအနှစ်များကို ထုတ်ဖော်ပြသနိုင်မှုစွမ်းပကားများနှင့် သက်သေထူပြနိုင်သည်။ မျက်မှောက်ကာလတွင် တိုင်းတစ်ပါးယဉ်ကျေးမှုများ ထိုးဖောက်လွှမ်းမိုးလာသောကြောင့် အထူးသဖြင့် လူငယ်လူရွယ်များသည် တိုင်းတစ်ပါးယဉ်ကျေးမှုကို အထင်ကြီးပြီး မိမိနိုင်ငံ၊ မိမိလူမျိုးအပေါ် တန်ဖိုးထားလေးစားမှု လျော့နည်းလာသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံ၏ လူသားအရင်းအမြစ်များဖြစ်သည့် မျိုးဆက်သစ် လူငယ်မောင်မယ်များအား အနာဂတ်နိုင်ငံတော်ကြီးကို ကောင်းမွန်စွာတည်ဆောက်နိုင်စေရေး၊ နိုင်ငံ့သားကောင်းများဖြစ်လာစေရေးကို ရည်မျှော်၍ ပြုစုပျိုးထောင်နေပြီး နိုင်ငံတော်ကို ကဏ္ဍစုံမှ ကာကွယ်ထိန်းသိမ်း စောင့်ရှောက်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် မျိုးဆက်သစ်လူငယ်များကို ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ခြင်းသာမက ယဉ်ကျေးသိမ်မွေ့ခြင်းနှင့်ပါ ပြည့်စုံသည့်လူငယ်များ ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို ကျင်းပပြုလုပ်ခြင်းသည်လည်း မြန်မာ့အနုပညာ ဖွံ့ဖြိုးတိုးတက်စေရုံသာမက ထူးခြားပြီး အနက်အဓိပ္ပာယ်ပြည့်ဝပုံကို မြန်မာ့အနုပညာကို ကမ္ဘာကပင် တွေ့မြင်ကြရမည်ဖြစ်သည်ဟု နိုင်ငံတော်ဝန်ကြီးချုပ် ဦးညီညီစောက ပြိုင်ပွဲကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် ထည့်သွင်းပြောကြားခဲ့သည်။ နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်ပေါင်းများစွာ မတိမ်ကောမပပျောက်စေရေး၊ မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရေး၊ ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်လိုစိတ်များကို လက်ဆင့်ကမ်းပေးဝေနိုင်ခဲ့သည်။

နိုင်ငံတစ်နိုင်ငံ၏ ရိုးရာအစဉ်အလာ ဓလေ့ထုံးတမ်းများနှင့် ယဉ်ကျေးမှုဆိုင်ရာ အတွေ့အကြုံဗဟုသုတများသည် နိုင်ငံတော်အပေါ် ချစ်ခင်မြတ်နိုးလိုစိတ်နှင့် မျိုးချစ်စိတ်တို့ကို ဖြစ်ပေါ်စေသည့် အခြေခံအကြောင်းတရားများဖြစ်ရာ ဝါသနာရှင် မျိုးဆက်သစ်လူငယ်များ ဆက်လက်ထိန်းသိမ်းနိုင်ရန် ရည်ရွယ်၍ ၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နေပြည်တော်၌ လာမည့် အောက်တိုဘာလတွင် ကျင်းပရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့်အတွက် မိမိနိုင်ငံနှင့် မိမိလူမျိုးကို ချစ်မြတ်နိုးသည့် မျိုးချစ်စိတ်တို့ဖြင့် အဆိုပါ ရိုးရာယဉ်ကျေးမှုပြိုင်ပွဲကြီးကို အားပေးကြရမည်ဖြစ်သည်။

**၁၃၈၇ ခု၊ တော်သလင်းလပြည့်ကျော် ၉ ရက်နေ့။**

**စာတည်းမှူး**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF"terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on the possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# မြို့နယ်အသီးသီးတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြုနည်း လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေး

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပသွားမည့် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပသွားနိုင်ရေးနှင့် မဲဆန္ဒရှင်များ မှန်ကန်မြန်ဆန် လွယ်ကူစွာ ဆန္ဒမဲပေးနိုင်ရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြုနည်းစနစ်အဆင့်ဆင့်နှင့် စပ်လျဉ်းသည့် အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့စမ်းသပ် ဆန္ဒမဲပေးခြင်း အခမ်းအနားများကို တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အသီးသီးတွင် ကျင်းပပြုလုပ်လျက်ရှိပါသည်။



ဓာတ်ပုံ – moi

မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) တည်ဆောက်ပုံနည်းလမ်းများ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ဖြန့်ခွဲပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက်တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက်အား ပြန်လည်ထုပ်ပိုးသိမ်းဆည်းပုံတို့ကို လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ သင်ကြားပြသပေးသည်။

ထို့ပြင် မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)အသုံးပြုနည်းစနစ် အဆင့်ဆင့်နှင့်စပ်လျဉ်းသည့် အသိပညာပေးခြင်းများ ဆောင်ရွက်ရာတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)၏ လုပ်ဆောင်ချက်များနှင့် ကိုင်တွယ်အသုံးပြုခြင်းနည်းလမ်းများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကို အသုံးပြုခြင်းဖြင့် မဲပေးရာတွင် မြန်ဆန်၍ နားလည်လွယ်ခြင်း၊ ပယ်မဲများ မရှိခြင်း၊ အချိန်တိုအတွင်း မဲရလဒ်များ ရေတွက်နိုင်ခြင်း၊ တိကျသောမဲရလဒ်များရရှိနိုင်ခြင်း၊ ရွေးကောက်ပွဲရလဒ်များကို လျင်မြန်စွာကြေညာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ခြင်းတို့ကို ရှင်းလင်းအသိပေးကာ လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

*ဟန်သီ*

ဂျာနယ်

**ထုတ်ဝေသူ**
ဦးကျော်ဇင်စိုး
မှတ်ပုံတင်အမှတ်(၀၀၈၁၅)

**ပုံနှိပ်ခြင်း**
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန

**စာတည်းမှူး**
အောင်ဇော်ဦး

**စာတည်းများ**
စန္ဒာချစ်၊ စန္ဒာငွေ၊ ခင်မာဝေ
ကျော်တင့်(ရွှေခရမ်း)၊
ကိုဘုန်း

**လိုဂိုစာလုံးဒီဇိုင်း**
ပန်းချီတင်ထွဏ်း

**မျက်နှာဖုံးဒီဇိုင်း**
ခိုင်သဇင်

**အတွင်းသရုပ်ဖော်**
လှထွဋ်ဦး၊
ကျိုက်လတ်ဘသဏ်း၊
ရွှေကိုဦး၊ စိုးစံ

**ကွန်ပျူတာအဖွဲ့**
ဝေဝေဖြိုးအောင်၊ ခိုင်သဇင်

**ဆက်သွယ်ရန်**
အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၁၈-၃၈၄၈၁၃/ ၃၇၁၃၄၀
E-mail: iprd.productionn@
gmail.com
Facebook: DKY Journal

စောင်ရေ - ၁၉၉၅၄
၄၅၀ ကျပ်

# အမျိုးသားရေးတာဝန်ဖြစ်သည့် လူကုန်ကူးမှုတိုက်ဖျက်ရေး

ခင်လေး




ဓာတ်ပုံ – google.com

လူကုန်ကူးမှုဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားသူ တစ်ဦးတစ်ယောက်ကို ထိုသူ၏ သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်ခြင်းအလို့ငှာ လူများကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကို ဆိုလိုသည်။ ထိုသို့လူကုန်ကူးရန် အပြုအမူတစ်ရပ်ရပ်ပြုလုပ်ရာတွင် ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊ သွေးဆောင်ခေါ်ယူခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း၊ တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး သို့မဟုတ် အကျိုးအမြတ်ပေးခြင်း သို့မဟုတ် လက်ခံရယူခြင်းတို့ ပါဝင်သည်။ ထို့အပြင် လူပုဂ္ဂိုလ်တစ်ဦးသည် အခြားသူ တစ်ဦးတစ်ယောက်အား ပြည့်တန်ဆာပြုခြင်း၊ ကျေးကျွန်ကဲ့သို့ ခိုင်းစေခြင်း၊ ကြွေးမြီနှင့် နှောင်ဖွဲ့ခိုင်းစေခြင်း၊ သူတစ်ပါး ခန္ဓာကိုယ်၏ အစိတ်အပိုင်းအားထုတ်ယူခြင်း၊ ရောင်းချခြင်းတို့ကို ပြုရာမှ ငွေကြေးအကျိုးအမြတ် လက်ခံရယူခြင်း သို့မဟုတ် လက်ခံရန် သဘောတူခြင်းများသည်လည်း လူကုန်ကူးမှုကျူးလွန်သည့် လုပ်ရပ်များပင်ဖြစ်သည်။

**လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့**

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိ နိုင်ငံအများစုတွင် လူကုန်ကူးမှုအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်မှစ၍ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ တည်ဆဲဥပဒေများအရ တားဆီးနှိမ်နင်းရေးများ ဆောင်ရွက်ခဲ့ပါသည်။ လူကုန်ကူးမှု တားဆီးကာကွယ်ရေးကို ပြည်သူတစ်ရပ်လုံး သိရှိကာ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရန် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေကို ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ထိုနေ့ကိုအစွဲပြု၍ နှစ်စဉ် စက်တင်ဘာလ ၁၃ ရက်နေ့ကို မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ကြပါသည်။ ၂၀၂၅ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်မှာ "လူကုန်ကူးမှုတိုက်ဖျက်ဖို့ ခေါင်းပုံဖြတ်မှုအဆုံးသတ်စို့" ဖြစ်သည်။

၂၀၂၅ ခုနှစ် လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ကို "လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်အဖြစ်သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်၊ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်၊ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထု တစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်" ဟူသော ရည်ရွယ်ချက်(၄)ရပ်ကို ချမှတ်ထားသည်။

လူကုန်ကူးခံရသူများသည် အလုပ်အကိုင်အခွင့်အလမ်း ရှားပါးမှု၊ အလွန်အကျွံဆင်းရဲမှု၊ အသိပညာ ဗဟုသုတနည်းပါးမှု၊ အိမ်တွင်းအကြမ်းဖက် ခံရမှုနှင့် သူငယ်ချင်းများ၊ ဆွေမျိုးများစသည်တို့က နိုင်ငံရပ်ခြားတွင် သွားရောက်အလုပ်လုပ်ကိုင်ပါက ဝင်ငွေကောင်းကောင်း ရမည်ဖြစ်ကြောင်း ပြောဆိုမှုများကို ယုံကြည်ကာ သွားရောက်ကြသဖြင့် လူကုန်ကူးသည့် မုဆိုးများ၏ ပစ်ကွင်းသို့ သက်ဆင်းသွားကြရသည်။

လူကုန်ကူးမှုများသည် တစ်စတစ်စ ကြီးထွားလာသော နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများပင် ဖြစ်သည်။ နိုင်ငံတကာ အဖွဲ့အစည်းများကလည်း လူကုန်ကူးသူများကို လူ့အခွင့်အရေး ချိုးဖောက်သူများအဖြစ် ပြစ်တင်ရှုံ့ချလျက်ရှိသည်။ သို့သော် လူ့အသိုက်အဝန်းကို ခြိမ်းခြောက်နေဆဲပင်ဖြစ်သည်။ ဆင်းရဲတွင်း နက်နေသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးငယ်များသည် လူကုန်ကူးသူများ၏ ပစ်မှတ်ဖြစ်လေ့ရှိကြသည်။

**လူကုန်ကူးခံရသူများ**

လူကုန်ကူးခံရသူတစ်ဦးအား လိင်ဖျော်ဖြေရေးအတွက် ခေါင်းပုံဖြတ်စေခိုင်းခြင်းကို လိင်ကုန်ကူးခြင်းဟုခေါ်ဆိုသည်။ ကလေးငယ်များကို လိင်ကျွန်ပြုခြင်းအပါအဝင် ပြည့်တန်ဆာလုပ်ခိုင်းခြင်းဖြင့် လိင်ကုန်ကူးသူများက အမြတ်ထုတ်လေ့ရှိကြသည်။ လိင်ကုန်ကူးမှုသည် ကမ္ဘာတစ်ဝန်းတွင် လျင်မြန်စွာ ကြီးထွားလာသော ရာဇဝတ်မှုလုပ်ငန်းတစ်မျိုး ဖြစ်နေသည်။ နိုင်ငံတကာ အလုပ်သမားအဖွဲ့၏အဆိုအရ လူ ၄၉ ဒသမ ၆ သန်းသည် အဓမ္မအလုပ်စေခိုင်းခြင်း ခံနေရပြီး ၎င်းတို့အနက် ၁၂ သန်းသည် ကလေးသူငယ်များဖြစ်သည်။ ထို့ပြင် ခေတ်သစ်ကျွန်ပြုခံနေရသည့် သန်း ၂၀ ကျော်ခန့်သည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များဖြစ်သည်။ ၎င်းတို့အနက် လူ ၄ ဒသမ ၅ သန်းသည် လိင်ကျွန်ပြု ခံနေရသည်။ ယနေ့အချိန်အထိ ကမ္ဘာတစ်ဝန်း၌ ကလေးအလုပ်သမား သန်း ၁၆၀ ကျော်ခန့် ရှိသည်။ ၎င်းတို့အနက် ၆၃ သန်းသည် မိန်းကလေးများဖြစ်ပြီး ၉၇ သန်းခန့်သည် ယောကျ်ားလေးများ ဖြစ်သည်။

လက်ရှိအချိန်တွင် တစ်ကမ္ဘာလုံး၌ လူကုန်ကူးခံရသူ ၄၀ ဒသမ ၃ သန်းခန့်သည် လုပ်အားခမရဘဲ ကျွန်ပြုခံနေကြရသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် လူကုန်ကူးခံရသူများသည် ခြိမ်းခြောက်ခံရခြင်း၊ အကြမ်းဖက်ခံရခြင်းတို့ကြောင့် အနည်းငယ်သော လုပ်အားခ သို့မဟုတ် လုပ်အားခ လုံးဝမရဘဲ အလုပ်လုပ်နေကြရသည်။ ဆိုရလျှင် လူကုန်ကူးခံရသူများသည် ခေတ်သစ်ကျေးကျွန်များပင် ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆင်းရဲမွဲတေမှုမြင့်မားခြင်း၊ ကျောင်းနေရန် အခွင့်အလမ်းမရှိခြင်းတို့ကြောင့် ကလေးအလုပ်သမားများ မြင့်မားနေဆဲ၊ ရှိနေဆဲပင်ဖြစ်သည်။ လူကုန်ကူးသူများသည် ကလေးများကို မက်လုံးပေးဆွဲဆောင်ကာ လုပ်ငန်းခွင်များသို့ ပြန်လည်ရောင်းချလေ့ရှိကြသည်။

မြန်မာနိုင်ငံသည် ၂၀၀၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သော နိုင်ငံဖြတ်ကျော် အုပ်စုဖွဲ့ မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲစာချုပ်ဖြစ်သည့် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် အထူးပြုသော လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာ စာချုပ်၊ ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းအသုံးပြု၍ ရွှေ့ပြောင်းသွားလာသူများအား မှောင်ခိုပို့ဆောင်မှုဆိုင်ရာ စာချုပ်တို့ကို ၂၀၀၄ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင်လည်းကောင်း၊ လူကုန်ကူးခြင်း အထူးသဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်းကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင်လည်းကောင်း အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများနှင့်လည်း ပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများအကြား အကောင်အထည်ဖော်ဆောင်ရွက်မည့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဘင်းမ်စတက်ကွန်ဗင်းရှင်း၊ လုပ်ငန်းလမ်းညွှန်နှင့် လုပ်ငန်းစီမံချက်ကို အပြီးသတ် ရေးဆွဲနိုင်ခဲ့ပါသည်။

လူကုန်ကူးမှုသည် လူသားအချင်းချင်း စာနာမှုကင်းမဲ့စွာဖြင့် ခေါင်းပုံဖြတ်အမြတ်ထုတ်သော လူ့အခွင့်အရေး ချိုးဖောက်မှုတစ်ရပ်ဖြစ်သည်။ လူ့အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို ခြိမ်းခြောက်ရုံသာမက လူ့အဖွဲ့အစည်းကိုလည်း ထိခိုက်စေနိုင်သည်။ လူကုန်ကူးသူများသည် ဘဝရပ်တည်ရန် ခက်ခဲနေသော အခြေအနေကို အခွင့်အရေးတစ်ရပ်အဖြစ် အသုံးချလျက်ရှိပါသည်။ လက်ရှိကာလတွင် ကမ္ဘာ့နိုင်ငံများက လူကုန်ကူးမှုများအား နိုင်ငံဖြတ်ကျော် မှုခင်းအမျိုးအစားတစ်ရပ်အဖြစ် လက်ခံထားကြပြီး နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းအားထုတ်တားဆီးကာကွယ်နေကြသော်လည်း ဖြစ်ပွားမှုမြင့်မားနေဆဲဖြစ်သည်။

**ပူးပေါင်းဆောင်ရွက်**

စင်စစ်အားဖြင့် လူကုန်ကူးမှုပြဿနာသည် နိုင်ငံတစ်နိုင်ငံရှိ အစိုးရတစ်ရပ်တည်း ဖြေရှင်း၍ မရနိုင်သည့် ရာဇဝတ်မှုမျိုးဖြစ်သည်။ ကမ္ဘာ့နိုင်ငံအားလုံးပေါင်းစပ် ချိတ်ဆက်ဆောင်ရွက်မှသာ ထိုရာဇဝတ်မှု လျော့နည်းကျဆင်းနိုင်သည်။ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား ပေါင်းစပ်ဆောင်ရွက်ခြင်း၊ နိုင်ငံတော်အဆင့်တာဝန်ရှိသူများ ပေါင်းစပ်ဆောင်ရွက်ခြင်း၊ စွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ ပြည်သူများအား ဗဟုသုတမျှဝေခြင်း၊ နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပေးခြင်း၊ လူကုန်ကူးခံရသူများအား အပြည့်အဝကာကွယ်စောင့်ရှောက်ခြင်း၊ ပြည်သူများအကြား လူကုန်ကူးသူများအား ပူးပေါင်းဆန့်ကျင် တိုက်ဖျက်ရေး စိတ်ဓာတ်ကိန်းအောင်းလာအောင် ဆောင်ရွက်ခြင်းတို့ကို အလေးထား ဆောင်ရွက်သွားရန်လိုအပ်သည်။

အထူးသဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအတွက် အမျိုးသမီးနှင့် ကလေးသူငယ်များအပါအဝင် ထိခိုက်လွယ်အုပ်စုများ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လူကုန်ကူးမှုတားဆီးရေးလုပ်ငန်းများ၊ ကယ်တင်ရေးနှင့် ကူညီရေးလုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဟန်ချက်ညီညီ ဆောင်ရွက်သွားရန် လိုအပ်သည်။ အရေးအကြီးဆုံးအချက်မှာ လူကုန်ကူးခံရသူများသည် စိတ်ဓာတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားနေရသူများ ဖြစ်ခြင်းကြောင့် လူ့အသိုက်အဝန်းတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် ၎င်းတို့၏အသံကို အလေးထား နားထောင်သွားရမည်ဖြစ်သည်။

တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်မှုတစ်ခုဖြစ်သည့် လူကုန်ကူးမှုသည် နေ့ချင်းညချင်း ပပျောက်အောင် တိုက်ဖျက်နိုင်မည့် လုပ်ငန်းစဉ် မဟုတ်သောကြောင့် အစိုးရများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်မှသာလျှင် အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်မည် ဖြစ်ပါသည်။ *ခင်လေး*

*Rice Export Zone များအား မြို့နယ် ၁၀၀ ခန့်တွင် ...* *မျက်နှာဖုံးမှ*



**၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးရာသီမှ စတင်၍ Exporter ကုမ္ပဏီ ၅၀ ကျော်မှ ဧကသုံးသိန်းဝန်းကျင် ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း သိရသည်။

နိုင်ငံတကာဈေးကွက်၌ ဆန်ဈေးနှုန်းများ အလွန်ကျဆင်းနေချိန်တွင် Exporter များမှ Zone အတွင်း ပါဝင်သည့် စပါးစိုက် တောင်သူများထံမှ သင့်တင့်မျှတသော စပါးဈေးနှုန်းများဖြင့် ဝယ်ယူပေးခြင်းဖြင့် တောင်သူလယ်သမားအတွက် အရည်အသွေးပြည့်မီသည့် Export ဆန်စပါးများ ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း သိရသည်။

ထို့အပြင် Zone အတွင်း ပါဝင်ဆောင်ရွက်သည့် တောင်သူလယ်သမားများအတွက် ပံ့ပိုးပစ္စည်းများကို ဈေးနှုန်းသင့်တင့်စွာဖြင့် ဝယ်ယူရရှိနိုင်ရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုစရိတ် ငွေကြေးများ ပိုမိုထောက်ပံ့ရရှိရေး လယ်ယာမြေ အဆင့်မြှင့်တင်ရေးတို့ကိုလည်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**Exporter များအတွက်လည်း ပြည်ပသို့ အရည်အသွေးမီသည့် ဆန်ပို့ကုန်များ ရရှိနိုင်ပြီး၊ Export Zone တွင် ပါဝင်သော တောင်သူများအတွက် စိုက်ပျိုးစရိတ် ချေးငွေများ၊ Exporter များအတွက် နိုင်ငံတကာဈေးကွက် ရရှိရေးနှင့် Export Financing ရရှိရေးကိစ္စများ၊ Export Zone များအား စနစ်တကျ ကြီးကြပ်ကွပ်ကဲမည့် စနစ်များအား ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်**ကြောင်းလည်း သိရသည်။

Rice Export Zone တစ်ခုလျှင် အနည်းဆုံး တစ်ကွင်းတစ်စပ်တည်း ဧက ၃၀၀ စိုက်ပျိုးရန်နှင့် Export မျိုးကွဲ သုံးမျိုးထက် မပိုစေရန်၊ သဘာဝနှင့် ဇီဝမြေဩဇာများ သုံးစွဲခြင်းစနစ်ကို အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း သိရသည်။

စပါးပန်းတိုင် အထွက်နှုန်းရရှိရေး ဆောင်ရွက်ရန်၊ Exporter ကုမ္ပဏီများနှင့် တောင်သူများ ကန်ထရိုက်လယ်ယာစနစ်ဖြင့် အနည်းဆုံး သုံးရာသီ ပူးပေါင်းစိုက်ပျိုးထုတ်လုပ်ရန်၊ ပြည်ပပို့ကုန်ဆန်/ ဆန်ကွဲ လေးတန်လျှင် Export Zone တစ်ဧက ရည်မှန်းပြီး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း သိရသည်။ ***ခွန်***



# ယခု ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ထောပတ်သီးတန်ချိန် ၁၀၀၀၀ ကျော် တင်ပို့ရန် မျှော်မှန်းထား

ယခု ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ထောပက်သီးတန်ချိန် ၁၀၀၀၀ ကျော် တင်ပို့ရန် မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံ ထောပက်သီးအသင်းနှင့် နီးစပ်သူများထံမှ သိရသည်။

လက်ရှိတွင် ထောပတ်သီးကိုထိုင်းနိုင်ငံသို့ အဓိကတင်ပို့လျက်ရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ထောပတ်သီးတန်ချိန် ၇၆၀၀ ကျော်၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ထောပတ်သီးတန်ချိန် ၈၀၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ယခု ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ်တွင်လည်း ရာသီအလိုက် ထောပတ်သီးအမျိုးမျိုး တင်ပို့လျက်ရှိပြီး တန် ၁၀၀၀၀ ကျော် တင်ပို့နိုင်ရန် လျာထား မျှော်မှန်းကြောင်းလည်း သိရသည်။

**"အဓိကကတော့ ထိုင်းကိုပဲ တင်ပို့ဖြစ်တာ။ ရောင်းချိန်က ခြောက်လနီးပါးလောက်ရှိတာပေါ့လေ။ သူ့ရာသီနဲ့ သူတော့ အမျိုးအစားလိုက်သွားနေကြတာပဲ။ ၁၁ လ ၁၂ လပိုင်း၊ တစ်လ၊ နှစ်လကတော့ ဒေသမျိုးပွား Hass သီးသွားနေတယ်။ ပြီးခဲ့တဲ့နှစ်က ထောပတ်သီးမျိုးစုံကို စုစုပေါင်းတန် ၈၀၀၀ ကျော်၊ ၂၀၂၃-၂၀၂၄ က တန် ၇၆၀၀။ ဒီနှစ်ကတော့ ပိုများမှာပေါ့။ ဒီနှစ်က အနည်းဆုံး တန် တစ်သောင်းတော့ ရှိမှာပေါ့။** အခုပေါက်ဈေးက မငြိမ်သေးဘူး။ တစ်သမတ်တည်းတော့ ဈေးက မရှိဘူး။ အချိန်နဲ့လနဲ့ အလိုက်ပြောင်းနေတာ" ဟု မြန်မာနိုင်ငံ ထောပတ်သီးအသင်းနှင့် နီးစပ်သူတစ်ဦးက ဒို့ကျေးရွာဂျာနယ်သို့ပြောသည်။

အလားတူမြန်မာနိုင်ငံမှထောပတ်သီးကို အိန္ဒိယနိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ စိတ်ဝင်စားမှုများ ရှိသော်လည်း လက်ရှိတွင် တင်ပို့ရန်အခက်အခဲရှိနေသေးကြောင်းလည်း သိရသည်။ "အိန္ဒိယနဲ့ စကားပြောနေတာရှိတယ်။ အိန္ဒိယကို ပို့ဖို့က သူတို့ဘက်က နည်းနည်းလေး စိတ်ဝင်စားနေတာ။ ဒါပေမဲ့ ပို့ရမယ့် လမ်းကြောင်းက အဆင်မပြေသေးဘူး ဖြစ်နေတာ။ အရင်တုန်းက ကလေး - တမူးဘက်လမ်းကြောင်းက ရှိတယ်။ အခုက အိန္ဒိယ တက်မဲ့လမ်းကြောင်းက မရှိသေးဘူးဖြစ်နေတာ။ တိုင်ပင်နေတုန်း။ ဆွေးနွေးနေတုန်း။ ရုရှားကလည်း အသီးကို စိတ်ဝင်စားတယ်။ သူတို့နဲ့ စကားပြောဖို့လည်းရှိတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။ ***ရွှေစင်***



# ရှမ်းပြည်နယ်ထွက် နာနတ်သီးများ ရန်ကုန်ဈေးကွက်တွင် ဈေးကောင်းရ

ရှမ်းပြည်နယ်ထွက် နာနတ်သီးများ ရန်ကုန်ဈေးကွက်တွင် ဈေးကောင်းရနေကြောင်း တည်းကုန်းလက်ကားဈေးကြီးမှ နာနတ်ဒိုင်တစ်ဦးက ဒို့ကျေးရွာဂျာနယ်သို့ ပြောသည်။

မြန်မာနိုင်ငံတွင် နာနတ်သီးကို ရှမ်းပြည်မြောက်ပိုင်း၊ ရှမ်းပြည်တောင်ပိုင်းနှင့် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသများတွင် အများဆုံး စိုက်ပျိုးကြသော်လည်း ရန်ကုန်ဈေးကွက်သို့ ရှမ်းပြည်မြောက်ပိုင်းနှင့် တောင်ပိုင်းမှ နာနာတ်သီးများကိုသာ အဓိကတင်ပို့ကြကြောင်း သိရသည်။ သီပေါဒေသတွင် နာနတ်စိုက်တောင်သူ လျော့ကျသွားသော်လည်း ရန်ကုန်နာနတ်ဈေးကွက်တွင်မူ နမ့်စန်နှင့် တန့်ယန်းဘက်မှ နာနတ်များကို တင်ပို့နေသည့်အတွက် ဈေးကွက်လောက်ငှကာ နာနတ်သီးတစ်လုံးလျှင် ကျပ် ၂၅၀၀ နှင့် ၃၀၀၀ ဝန်းကျင်ရောင်းချနေရကြောင်း သိရသည်။

**"နာနတ်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်းက နမ့်စန်ဘက်ရယ်၊ မြောက်ပိုင်းက သီပေါဘက်ရယ်နဲ့ နောက်ဆုံးပေါ်နေတာက တန့်ယန်းပေါ့နော်။ ဈေးကွက်က တုံးခါနီဆိုတော့ ဈေးကောင်းတယ်။** အခုနှစ်က နာနတ်တစ်နှစ်လုံး ဈေးကျမသွားဘူး"ဟု တည်းကုန်းဈေးမှ နာနတ်သီးဒိုင်က ပြောသည်။

လက်ရှိတွင် ရှမ်းပြည်နယ်အတွင်းမှ နာနတ်များကို တည်းကုန်းဈေးသို့ တစ်ရက်ကားအစီးရေ ၃၀ ဝန်းကျင်နှင့် သီရိမင်္ဂလာဈေးတွင် ၁၀ စီးခန့် တင်ပို့နေကြောင်း သိရသည်။

ယခုနာနတ်သီးရာသီတွင် တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် တင်ပို့နိုင်ရန်အတွက်လည်း ရှမ်းမြောက်ဒေသမှ တောင်သူများ ကိုယ်စားပြုကုမ္ပဏီတစ်ခုမှ ကြိုးစားဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ်တွင် နှစ်နိုင်ငံသဘောတူညီချက်ဖြင့် GACC လက်မှတ်ရရှိပြီးဖြစ်ကြောင်းလည်း သိရသည်။ ***သန်းဇော်မင်း***



# မွန်ပြည်နယ်တွင် အစေးထွက်အားကောင်းသော RRIT – 251 ရော်ဘာမျိုးကို ရွေးချယ်စိုက်ပျိုးလာ

မွန်ပြည်နယ်တွင် အစေးထွက်အားကောင်းသော RRIT – 251 ရော်ဘာမျိုးကို ရွေးချယ်စိုက်ပျိုးသူများလာကြောင်း ရော်ဘာပျိုးပင် စိုက်ပျိုးရောင်းချသူများထံ ဆက်သွယ်မေးမြန်းထားသည့် အချက်အလက်များအရ သိရသည်။

ယခုနှစ် ရော်ဘာစိုက်ပျိုးရာသီတွင် မွန်ပြည်နယ်အတွင်း ရော်ဘာစိုက်ပျိုးဧက ယခင်ထက် များပြားလာသည်ကို တွေ့ရှိရကြောင်း အထက်ပါသတင်းရင်းမြစ်က ဆိုသည်။ စိုက်ပျိုးသူများအနေဖြင့် ရော်ဘာမျိုးရွေးချယ်စိုက်ပျိုးရာတွင် အစေးထွက်အားကောင်းသော နာမည်ကြီး RRIT–251 ရော်ဘာမျိုးကို ရွေးချယ်စိုက်ပျိုးသူဦးရေ ပိုမိုများပြားလာကြောင်း ရော်ဘာမျိုးပင် စိုက်ပျိုးရောင်းချသူက ဆိုသည်။ "ရော်ဘာကတော့ မျိုးပေါင်းတော်တော်များတယ်ဗျ။ ထိုင်းက ထွက်လာတဲ့ RRIM–600, RRIT – 251, PB – 311 တို့ဆိုပြီး တော်တော်များပါတယ်။ နောက်ပြီး 235 တို့လည်းရှိတယ်။ အခုနောက်ပိုင်းတော့ 2001၊ 2002 တို့ဆိုရင် သိပ်အဆင်မပြေတော့ပါဘူး။ အဲဒါတွေဆို အရင်က နာမည်ရှိခဲ့တယ်။ အခုနောက်ပိုင်း ပင်စည်အတွက်ပဲ အသုံးများလာတာတွေ့ရတယ်။ **အစေးထွက်အများဆုံးနဲ့ စိုက်ပျိုးသူအများဆုံးကတော့ 251 ကိုတော်တော်စိုက်ကြတယ်။** ကျွန်တော်တို့ဆီမှာလည်း ဝယ်လိုအားများတယ်" ဟု ၎င်းကဆိုသည်။

လက်ရှိ ၂၀၂၆ ရော်ဘာစိုက်ပျိုးရာသီတွင် **မွန်ပြည်နယ်အတွင်း ရော်ဘာပျိုးပင်ရောင်းချမှု မြင့်မားလာပြီး စိုက်ပျိုးသူများအနေဖြင့်လည်း အရည်အသွေးကောင်း ပျိုးပင်များကို ရွေးချယ်ဝယ်ယူမှုသည် ယခင်ထက်တိုးတက်လာကြောင်း သိရသည်။ ထို့ကြောင့် ရော်ဘာပျိုးပင်ရောင်းသူတစ်ဦးလျှင် ယခုနှစ်အတွင်း ပျိုးပင်ပေါင်း နှစ်သိန်းကျော် ရောင်းချထားရကြောင်း** အထက်ပါ သတင်းရင်းမြစ်က ဆိုသည်။

"မြန်မာနိုင်ငံမှာတော့ ရော်ဘာက ဈေးကွက်ကောင်းတဲ့အတွက် စိတ်ဝင်စားမှုများတယ်။ ပျိုးရောင်းတဲ့လူတွေလည်းများလာတယ်။ အခုနှစ်ပိုပြီးများလာတယ်လို့တောင် ပြောလို့ရတယ်။ တစ်ပင်ကို ၂၅၀၀ ကျပ်နဲ့ ရောင်းရတယ်။ မွန်မှာဆိုတော်တော်ရောင်းအား ကောင်းတယ်။ မွန်မှာက ရော်ဘာကို ဘယ်နေရာမှာမဆို စိုက်လို့ရတယ်။ ပူပြင်းတဲ့ဒေသမှာဆိုရင်လည်း သူ့မျိုးနဲ့သူ နည်းစနစ်နဲ့ စိုက်ကြတာတွေလည်း ရှိတယ်"ဟု ၎င်းကဆိုသည်။

***ခွန်***

# တရားမဝင် အွန်လိုင်းလောင်းကစားမျိုးစုံနှင့် လောင်းကစား အေးဂျင့်များကို အရှိန်အဟုန်မြှင့်တားဆီးရန်လို

တရားမဝင် အွန်လိုင်းလောင်းကစားမျိုးစုံနှင့် ယင်းလောင်းကစား အေးဂျင့်များကို အရှိန်အဟုန်မြှင့် တားဆီးရန်လိုအပ်နေပြီဖြစ်ကြောင်း ဒို့ကျေးရွာ ဂျာနယ်က ဆက်သွယ်စုံစမ်းမေးမြန်းထားသော အချက်အလက်များအရ သိရသည်။

လက်ရှိတွင် **အွန်လိုင်းလောင်းကစားလုပ်ငန်းဆောင်ရွက်နေသည့် ဒိုင်နှင့် အေးဂျင့်တို့သည် Facebook၊ Telegram နှင့် Viber ကဲ့သို့ လူမှုကွန်ရက်အသုံးပြုသူများကို ပစ်မှတ်ထား ဆွယ်လာကြသည့်**အပြင် SMS ပေးပို့ကာ ၎င်းတို့၏ လောင်းကစားဂိမ်းကို ကစားရန် ကြော်ငြာခြင်းများရှိလာသည်။

"အဓိကက ထိုးသားထက် ဒိုင်နှင့် Agent ပိုများလာတာ။ အဲဒီမှာ နှစ်ချက်ရှိတယ်။ အားကစားကိုဖွင့်ပေးလိုက်။ နိုင်ငံတကာမှာလည်းရှိပါတယ်။ အနီးစပ်ဆုံး Esport ဘောလုံး၊ တင်းနစ် အဲဒါကို ကျွမ်းကျင်ရင် လောင်းဆိုပြီး ဖွင့်ပေးလိုက်။ အစိုးရကလည်း အခွန်ကောက်။ နိုင်ငံခြားမှာ လုပ်သလိုမျိုးလုပ်ပေါ့။ ဒါပေမယ့်တစ်ခုတော့ရှိတယ်။ **စလော့ကိုတော့လုံးဝအားမပေးပါနဲ့။** အခုက ဘောလုံးနဲ့တင်မဟုတ်ပဲ စလော့ပါ ပါလာတယ်။ ဘောလုံးကရှင်းတယ်။ စလော့ကကျတော့ ထိန်းချုပ်ထားတာ။ ဆော့ဝဲလ်တွေ၊ ဒီဂျစ်တယ်တွေအများကြီးပါလာတယ်"ဟု သိရှိသူတစ်ဦးက ဆိုသည်။ အွန်လိုင်းလောင်းကစားလုပ်ငန်းဆောင်ရွက်သည့် ဒိုင်နှင့် Agent လုပ်ကိုင်သူများသည် တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ဆောင်နေသည့် အဖွဲ့များ၏ ထိန်းချုပ်မှုအောက်တွင်သာရှိနေပြီး ၎င်းတို့မှတစ်ဆင့် ဆင့်ပွားဈေးကွက်ဖြန့်ချိရေး Multi Level Marketing (MLM) ပုံစံဖြင့် ကြော်ငြာခြင်းနှင့် သားကောင်ရှာဖွေခြင်းများကို လုပ်ဆောင်ခိုင်းကြောင်း သိရသည်။

လက်ရှိလူမှုကွန်ရက်တွင်လည်း တရားမဝင် 2D၊ 3Dမှ **55Mix၊ Ibet789၊ Batman နှင့် Redbull ကဲ့သို့ စလော့ဂိမ်းများနှင့် ဂျက်ပေါ့ (Jack Pot) ဂိမ်း၊ ဖဲရိုက်နည်းမျိုးစုံကိုလည်း ပေါ်ပေါ်ထင်ထင်ကြော်ငြာ**ကာ Agent နှင့် ဆော့ကစားသူ ထပ်ဆင့်ရှာဖွေခြင်းများကို လုပ်ဆောင်နေသည်ကိုလည်း တွေ့ရသည်။ "မူးယစ်တပ်ဖွဲ့လို Active ဖြစ်တဲ့ အဖွဲ့အစည်းတွေလိုတာပေါ့နော်။ သတင်းဖော်ထုတ်မယ်။ သတင်းအတည်ပြုမယ်။ သွားပြီးတော့ ဖမ်းဆီးဖော်ထုတ်မယ်။ အရေးယူမယ်ပေါ့နော်။ အဲဒါကတော့ မဖြစ်မနေကိုလုပ်ရမှာ" ဟု ၎င်းကဆိုသည်။ ***သန်းဇော်မင်း***

# လယ်မြေကို လယ်မစိုက်ဘဲ အကွက်ရိုက် ရောင်းချမှုများ သတိထားရန် လိုအပ်



လယ်မြေကိုလယ်မစိုက်ဘဲအကွက်ရိုက်ရောင်းချမှု ပိုများလာသည့်အတွက် ဝယ်ယူရာတွင် သတိထားရန် လိုအပ်လာကြောင်း ဒို့ကျေးရွာက မေးမြန်းထားချက်များအရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ မှော်ဘီမြို့နယ်၊ ရွှေပြည်သာမြို့နယ်နှင့် လှိုင်သာယာမြို့နယ်အပါအဝင် မြို့နယ်အချို့တွင်လည်းကောင်း၊ အခြားတိုင်းဒေသကြီးရှိ မြို့နယ်အချို့တွင်လည်းကောင်း လယ်မြေများကို အကွက်ရိုက်၍ ရောင်းချမှုများလုပ်ဆောင်လာကြောင်း သိရသည်။

**"လယ်မြေကို အကွက်ရိုက်ရောင်းတာ ပိုလုပ်လာကြတယ်။ ဥယျာဉ်ခြံမြေနဲ့ ရွာမြေက နည်းနည်းလေး ခိုင်မာသေးတယ်လို့ ပြောလို့ရတယ်။ ဥယျာဉ်ခြံမြေရောင်းတာကိုတော့ သိပ်ပြီးတော့ မပြောလိုဘူး။ အဆိုးဆုံးကတော့ လယ်မြေတွေကို အကွက်ရိုက်ပြီး ရောင်းစားနေတာ။** ပါမစ်မြေနဲ့ ဂရန်မြေပဲ အရောင်းအဝယ်ခိုင်မာတယ်။ ရွာမြေကတော့ ပြဿနာမရှိဘူး။ ရွာမြေက ခိုင်မာတယ်။ လယ်မြေအကွက်ရိုက်ရောင်းနေတာကို အခိုင်အမာပဲလို့ သုံးသပ်ပြီး ဝယ်ကြတာတွေ ရှိတယ်" ဟု ပြည်ထဲရေးဝန်ကြီးဌာနမှ အရာရှိဟောင်း တစ်ဦးက ဒို့ကျေးရွာဂျာနယ်သို့ ပြောသည်။

မြေရောင်းဝယ်မှု ပြုလုပ်ရာတွင် ပါမစ်မြေနှင့် ဂရန်မြေသာ အရောင်းအဝယ်ခိုင်မာပြီး လယ်မြေများကို အကွက်ရိုက်ရောင်းဝယ်နေမှုများသည် မခိုင်မာကြောင်းလည်း သိရသည်။ အချို့လယ်မြေများတွင်လည်းအဆောက်အအုံများ ဆောက်လုပ်ထားသည့်အပြင် အကွက်ရိုက်ရောင်းရန်အတွက်ကွန်ကရစ်လမ်းများ ဖောက်လုပ်ခြင်း၊ လျှပ်စစ်မီးတိုင်များ သွယ်တန်းခြင်းမျိုးအထိပင် ဆောင်ရွက်နေကြောင်း သိရသည်။

ထို့ကြောင့်လယ်မြေများကိုအခြားနည်းဖြင့် သုံးစွဲခွင့်ရရှိခြင်းမျိုးမရှိဘဲ အကွက်ရိုက်ရောင်းချနေမှုများရှိနေသည့်အတွက် နိုင်ငံတော်အနေဖြင့် ပြန်လည်သိမ်းယူရန် လိုအပ်နေကြောင်းလည်း ၎င်းက အကြံပြုပြောကြားထားသည်။

"နိုင်ငံတော်ကတော့ ရှင်းရှင်းလေးပဲလေ။ သူပိုင်တဲ့မြေ လယ်မစိုက်ရင် သိမ်းရမှာပေါ့။ ပြန်သိမ်းရမှာပဲ။ သိမ်းသင့်တာ မဟုတ်ဘူး။ သိမ်းကိုသိမ်းရမှာ။ လယ်မြေကို လယ်စိုက်ရမှာ။ ဥပဒေရှိတယ်လေ။ စပါးစိုက်တဲ့လူသာ လယ်ပိုင်ရတယ်။ သိမ်းကို သိမ်းရမှာ။ လယ်မြေကျတော့ လယ်ပဲ စိုက်ရမှာလေ။ **လယ်မြေပေါ်မှာ အဆောက်အအုံဆောက်ချင်ရင် နိုင်ငံတော်က လိုအပ်မှ လယ်မြေကို အဆောက်အအုံဆောက်ခွင့်ပေးတာလေ။** မြို့ပြ အိမ်ရာဖော်မှ ရမှာလေ" ဟု ၎င်းက ပြောသည်။ ***ရွှေစင်***

# မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေနှစ်များအား တစုတစည်းတည်း ပြသနိုင်မည့် နေရာလိုအပ်ကြောင်း အကြံပြု

ခရီးသွားဆွဲဆောင်မှုတစ်ခုအဖြစ် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေနှစ်များအား တစုတစည်းတည်းပြသနိုင်မည့်နေရာ လိုအပ်နေကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးနောင်နောင်ဟန်က ဒို့ကျေးရွာဂျာနယ်ကတစ်ဆင့် အကြံပြုပြောကြားသည်။ "အခု ဟိုတယ်တွေက ရှိတော့ ရှိတယ်ပေါ့နော်။ ယဉ်ကျေးမှုအမွေနှစ်အဆောက်အအုံတွေ ရှိတယ်။ ဒါပေမဲ့ ကျွန်တော်တို့မှာ ဘာမရှိသေးဘူးလဲဆိုတော့ ယဉ်ကျေးမှုနဲ့ပတ်သက်ပြီး တကယ်ပြသနိုင်မယ့် ဆွဲဆောင်မှုတွေက နည်းနေပါသေးတယ်။ ဥပမာအားဖြင့် ရန်ကုန်မှာ မြန်မာ့ရိုးရာအကကို ကြည့်ချင်တယ်ဆိုရင် သူတို့ဘယ်နေရာမှာ သွားကြည့်ရမလဲ မသိဘူး" ဟု ဦးနောင်နောင်ဟန်က ဆိုသည်။

ရက်အနည်းငယ်ကြာ လာရောက်လည်ပတ်လေ့လာသူ ခရီးသွားများအတွက်လည်း မြန်မာ့အငွေ့အသက်များကို တစ်နေရာ၌ပင် လေ့လာခံစားကြည့်ရှုနိုင်ခြင်းဖြင့် ခရီးသွားများ ပိုမိုဝင်ရောက်လာနိုင်ကြောင်း ၎င်းက ဆိုသည်။

**"နောက်လက်မှုလုပ်ငန်းတွေဖြစ်တဲ့ ယွန်းထည်လုပ်တာတို့ ဘာတို့ဆိုလက်ဆောင်ပစ္စည်းက ရန်ကုန်မှာဆိုဝယ်သွားရတာတွေလည်း ရှိတယ်ပေါ့နော်။ တကယ့်လက်မှုလုပ်ငန်းတွေကတော့ သူတို့ကြည့်လို့မရဘူးပေါ့နော်။ ကြည့်ချင်ရင် ပုဂံအထိ သွားရမယ်ဆိုမဖြစ်ဘူးဆိုတော့ အဲဒီလိုဟာမျိုးတွေလိုသေးတယ်ပေါ့နော်။ အဓိက ကျွန်တော်တို့အနေနဲ့ ဒါကိုဘယ်လိုခေါ်လဲဆိုတော့ Tourist Attraction လို့ ခေါ်ပါတယ်။ ခရီးသည်တွေက မြန်မာပြည်ထဲရောက်လာပြီး ဟိုတယ်မှာတည်းပြီးတော့ ညအိပ်ပြီး ပြန်ကြတာ မဟုတ်ဘူးလေ။ သူတို့စိတ်ဝင်စားစရာနေရာတွေကိုသွားဖို့ဆို ကျွန်တော်တို့ ယဉ်ကျေးမှုနဲ့ ဖော်ထုတ်ပေးဖို့လိုတယ်"**ဟု ပြောသည်။

ထို့ပြင် ပြည်ပခရီးသွားများကို ပြည်တွင်းရှိ အထင်ကရဘုရားများ၊ သဘာဝတောတောင်ရှုခင်းများအပြင် ရိုးရာအမွေနှစ်၊ ယဉ်ကျေးမှု၊ အကအလှ၊ ဂီတဖျော်ဖြေမှုစသည့် ရွေးချယ်စရာများစွာဖြင့် ဧည့်သည်စိတ်ဝင်စားစေသော ဖန်တီးမှုများကိုပါလုပ်ဆောင်ပေးခြင်းဖြင့်လည်း ခရီးသွားပိုမိုတိုးပွားလာစေနိုင်ကြောင်း ၎င်းက ဆိုသည်။ ***ဒေစီမေ***

# ခါကာဘိုရာဇီ ပျားရည်ကို တရုတ်တွင်သာမက ပြည်တွင်း၌လည်း ဈေးကောင်းရ

ခါကာဘိုရာဇီပျားရည် (သို့မဟုတ်) ကျောက်ကမ်းပါးပျားရည်ကို တရုတ်နိုင်ငံဘက်က ကြိုက်သည့်အပြင်ပြည်တွင်း၌လည်း ဈေးကောင်းရနေကြောင်း မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ (Myanmar Trade Promotion Organization– MYANTRADE ) မှ သိရသည်။ **ခါကာဘိုရာဇီပျားရည် (သို့မဟုတ်) ကျောက်ကမ်းပါးပျားရည်သည် ကချင်ပြည်နယ်၊ ပူတာအိုခရိုင်အတွင်းရှိသော ခါကာဘိုရာဇီရေခဲတောင်အနီးတစ်ဝိုက်ရှိ ကျောက်ဆောင်ကျောက်ကမ်းပါးများတွင် အုံစွဲလေ့ရှိသော ပျားရိုင်းများ၏ ပျားအုံများမှ ထွက်ရှိသော ဆေးဖက်ဝင် ပျားရည်တစ်မျိုးဖြစ်ကြောင်း** သိရသည်။

ကျောက်ဆောင်ကျောက်ကမ်းပါးများတွင် အုံစွဲသော ပျားအုံများမှ ပျားရည်များကို ခက်ခက်ခဲခဲတက်၍ ပျားရည်ရရှိစေရန် ပျားဖွတ်ကြရခြင်းဖြစ်ပြီး မေလနှင့် ဇွန်လပိုင်းတွင်သာ ပြုလုပ်နိုင်ကြောင်း သိရသည်။ ယင်းနောက် ကချင်ပြည်နယ်တွင်းမှ MSME လုပ်ငန်းရှင်အချို့က ၎င်းမြို့များသို့ ကိုယ်တိုင်သွားရောက်ပြီး တိုင်းရင်းသားများအားလုံး၏ ရရှိလာသောပျားရည်များကို ပုံးပြတ်စုပေါင်းဝယ်ယူပေးကြ၍ တိုင်းရင်းသားများကလည်း ဈေးကောင်းရရှိသဖြင့် ဝင်ငွေရရှိမှု ကောင်းမွန်ခဲ့ကြသည်ဟု MYANTRADE ထံမှ သိရသည်။ ကချင်ပြည်နယ်တွင်းမှ လုပ်ငန်းရှင်များသည် အဆိုပါ ခါကာဘိုရာဇီပျားရည် (သို့မဟုတ်) ကျောက်ကမ်းပါးပျားရည်များကို မိမိတို့၏ ကိုယ်ပိုင်အမှတ်တံဆိပ်ပုလင်းများဖြင့် ပြန်လည်ရောင်းချကြရာတွင်လည်း **ဆေးဖက်ဝင် ပျားရည်များဖြစ်သဖြင့် လူကြိုက်များ ရောင်းအားကောင်းကာ အဆိုပါပျားရည်အား တရုတ်နိုင်ငံဘက်မှလည်း ကြိုက်နှစ်သက်ဝယ်ယူကြ**ကြောင်း သိရသည်။

ပျားရည်ပုလင်း အသေးတစ်ပုလင်းလျှင် ပြည်တွင်းတွင် ၃၀၀၀၀ ကျပ်မှ ၅၀၀၀၀ ကျပ်အတွင်း ရောင်းချကြပြီး အကြီးတစ်ပုလင်းလျှင် တစ်သိန်းဝန်းကျင်ခန့် ရောင်းချကြရာ ခါကာဘိုရာဇီပျားရည် (သို့မဟုတ်) ကျောက်ကမ်းပါးပျားရည်သည် တစ်နှစ်လျှင် တစ်ကြိမ်သာရရှိသော ရှားပါးဆေးဖက်ဝင်ပျားရည်ဖြစ်သဖြင့်ပြည်တွင်းတွင် ဈေးကောင်းရရှိသည်သာမက ပြည်ပနိုင်ငံများတွင်လည်း ဈေးကွက်ကောင်းမွန်စွာရရှိနိုင်သော ပျားရည်ဖြစ်ကြောင်း သိရသည်။ ***ရွှေဝတ်ရည်တိုး***

# ဘ၀အိပ်မက် ပန်းအိပ်မက်

**မစန္ဒာ**

**ယခင်အပတ်မှအဆက်**

"ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်ရယ် တစ်ပတ်ဆယ်ရက်တော့ ဒေါ်ဒေါ်တို့သာ ကြည့်ရှုစောင့်ရှောက်ထားပါတော့နော်။ ကိုကောင်းထက်နဲ့ အဘထင်ကိုလည်းပြောပြီး အပ်ခဲ့ပါဦးမယ်။ နောက်ပြီး ဟိုဘက်ခန်းက အန်ကယ်ကြီးကိုရောပေါ့"

ထားခဲ့လျှင် အကောင်းဆုံးဟု ယူဆ၍သာ ထားခဲ့ရမည်ဖြစ်သော်လည်း ကလေးသုံးဦးကို တကယ်တမ်းထားခဲ့ရမည် ဆိုတော့လည်း ကိုရန်ဝေးက စိတ်မချချင်ပြန်ပေ၊ သို့သော်လည်း အကူအညီတောင်းစရာ ဆွေမျိုးရင်းချာလည်း အနီးအနားမှာ မရှိပေ။ အင်းစိန်တွင် ဘကြီးတစ်ယောက်ရှိပြီး ညီဝမ်းကွဲ တစ်ယောက်က ဒဂုံမြို့သစ်တွင်နေသည်။ အနီးဆုံးဟူ၍ ကြည့်မြင်တိုင်တွင် နှစ်ဝမ်းကွဲ အစ်မတစ်ယောက်ရှိသည်။ သို့သော် ပစိပစပ်များလှသည်ဆိုပြီး မခင်လှက ကြည့်၍မရချေ။

ကိုရန်ဝေး၏ စိတ်ထဲတွင် လေးတေးတေးကြီးဖြစ်နေသည်။ မတတ်သာ၍ သွားရမည်သာဖြစ်သော သည်ခရီးကို ရှောင်လွှဲ၍မရမှန်း သိလျက်နှင့် အတွင်းစိတ်က ရှောင်လွှဲချင်နေသည်။ သည်အသက်အရွယ်အထိ အမေနှင့် တစ်ခါမျှ ခွဲ၍မအိပ်ဖူးဘူးသော ကဲကဲကိုသာ သနားနေသည်။ နေရာတကာတွင် အတတ်ဆန်းချင်၊ ဆော့ချင်လှသော ကိုတူးကိုလည်း စိတ်မချ။ နောက်ပြီး သူတို့သွားနေတုန်း ဖျားကြ၊ နာကြမှာကိုတော့ အစိုးရိမ်ဆုံးဖြစ်သည်။

"ကိုဦး သားကြီး၊ ငါ့သားကြီးကိုပဲ ဖေဖေ အားကိုးရတော့မှာပဲ၊ ညီလေးနဲ့ ညီမလေးကို ဂရုစိုက်ဟုတ်လား"

"စိတ်ချပါ ဖေဖေ"

ကိုဦးက အသက်ကို တစ်ဝကြီးရှိုက်၍ ရှူလိုက်သည်။ သူ့ကို စူးစိုက်ကြည့်နေသော ဖခင်၏ မျက်လုံးများကို တည့်တည့်ရင်ဆိုင်ကာ ကြည့်ရင်း ပြုံးပြလိုက်သည်။ ထို့နောက် ခပ်တိုးတိုး ထပ်ပြောသည်။

"စိတ်ချပါ ဖေဖေ သားဂရုစိုက်ပါ့မယ်"

အိပ်မပျော်သော ညဟူသည်ကို ယခင်က ကိုဦး တစ်ခါတစ်ရံမျှ မကြုံဖူးဘူးခဲ့ပေ။ ဖေဖေသည် ကိုဦး၏ ရင်ထဲသို့ တာဝန်သိစိတ်နှင့်အတူ စိုးရိမ်ကြောင့်ကြ ပူပင်တတ်ခြင်းများကိုပါ တစ်ပါတည်း ထည့်ပေးခဲ့ဟန်တူသည်။ အခုတော့ ကိုဦးအကုန်လုံးအတွက် စိတ်ပူနေမိသည်။ အောက်ထပ်တွင် အန်တီမွှေးနှင့် အတူတူသွား၍အိပ်သော ကဲကဲတစ်ယောက် ကောင်းကောင်းအိပ်မပျော်နိုင်ဘဲ ဖြစ်နေရှာမည်ကို တွေးပြီး စိုးရိမ်သည်။ ထို့နောက် ကိုတူး၊ ကိုတူးက အသက်သာဆယ်နှစ်ရှိပြီ ဖြစ်သော်လည်း သေးမလွတ်သေး။ အဆင်မသင့်လျှင် အိပ်ရာထဲ သေးပေါက်ချတတ်သည်။ အခါတိုင်း မေမေက တစ်ရေးနိုးထလာပြီး ကိုတူးကိုအိမ်သာထဲ ဆွဲခေါ်သွားတတ်သည်။ အခုတော့ ထိုတာဝန်သည် သူ၏ တာဝန်လုံးလုံးဖြစ်ချေပြီမို့ ကိုဦးခမျာ သူ့ညီငယ်ကို ရှူးရှူးတည်ရန် စိတ်စောနေသည့်အတွက် အိပ်မပျော်နိုင်အောင် ဖြစ်နေသည်။

သူတို့ညီအစ်ကိုနှင့်အတူ လာအိပ်သော ဘဖိုးထင်ကို အိမ်ရှေ့ခန်းတွင် နေရာပေးပြီး၊ သူတို့က မေမေတို့ခုတင်ပေါ် တက်အိပ်နေရသည့်အတွက်လည်း ပိုပြီးစိုးရိမ်နေမိသည်။ တော်ကြာ



သူအနိုး နောက်ကျလျှင် မေမေတို့၏ မွေ့ရာကြီးသည် ကိုတူး၏ ရှူးရှူးများနှင့် ရွှဲနစ်သွားနိုင်လေသည်။ ခုနတုန်းက ကိုတူးကို တစ်ခါနှိုးသေးသည်။

သို့သော် ကိုရွှေတူးက မထ "မပေါက်ချင်ဘူး မပေါက်ချင်ဘူး" ဟု အော်ကာ တရှူးရှူးနှင့်ပြန်၍ အိပ်ပျော်သွားလေသည်။

"ဆယ့်နှစ်နာရီ ထိုးရင်တော့ ရအောင်ကို နှိုးမယ်"

ကိုဦးက ဆုံးဖြတ်ရင်း ခြင်ထောင် အမိုးဖြူဖြူကိုစိုက်၍ ကြည့်နေသည်။ ခြင်ထောင်အမိုးက ပိတ်ကားလိုဖြစ်ပြီး သူ့ကိုယုံကြည်အားကိုးစွာ ကြည့်နေသော ဖေဖေ့ကိုလည်းကောင်း၊ "ကျွန်မ စိတ်ထဲလေးလိုက်တာ ဦးရန်ဝေးရယ်၊ အမေတစ်ခုခုများ ဖြစ်နေပြီလား" ဟုမေးရင်းက တအိအိငိုနေသော မေမေ့ကိုလည်းကောင်း မြင်ယောင်လာသည်။

အခု အချိန်လောက်ဆိုလျှင်လည်း ဘွားဘွားကြီး ဆုံးသွားကြောင်း မေမေသိသွားလောက်ပြီမို့ ဘယ်လောက်များ ငိုနေမလည်းတွေးပြီး ကိုဦး၏ ရင်ထဲတွင် ပန်းဟိုက်ဟိုက် ဖြစ်နေသည်။

"သူ့အမေသေသွားပြီဆိုတော့ မေမေ အရမ်းဝမ်းနည်းမှာပေါ့၊ အင်း ငါတို့လည်းတကယ်လို့များ ဖေဖေသေတယ်ဆို၊ မေမေ သေတယ်ဆိုရင် အမလေး.... ဘုရား... ဘုရား"

ကိုဦးသည် အိပ်ရာထဲမှ ဆတ်ခနဲထ၍ ထိုင်လိုက်မိသည်။ ဘုရားကို မတ, စဖူး တ,ရင်း ရင်တွေ တအားခုန်လာသည်၊ ထိုသို့ သာဆိုလျှင် သူဘာလုပ်ရမည်နည်း။ မိမိကိုယ်ကိုလည်းကောင်း၊ ညီလေးနှင့် ညီမလေးကိုလည်းကောင်း၊ သူမည်ကဲ့ သို့ တာဝန်ယူစောင့်ရှောက်ရမည်နည်း။

"ဖေဖေရော မေမေရော နေကောင်းပါတယ်၊ ဘာလို့ သေရမှာလဲ ဖွဖွ.. လွဲပါစေ ငါ ဘာတွေ တွေးနေမိတာလဲ"

ကိုဦးက သူ့ကိုယ်သူအပြစ်တင်ရင်း သမ္ဗုဒ္ဓေဂါထာကို ရွတ်သည်။ သမ္ဗုဒ္ဓေကို ကိုဦး အမြဲရွတ်သည်။ စိတ်ညစ်လျှင်သော်လည်းကောင်း၊ ကြောက်လျှင်သော်လည်းကောင်း၊ စိုးရိမ်ကြောင့်ကြ ဖြစ်မိလျှင်သော်လည်းကောင်း နောက်ဆုံးဆရာမ စာမေးခါနီးလျှင်ပင် ဖေဖေသင်ပေးထားသော ထိုသမ္ဗုဒ္ဓေဂါထာကို ရွတ်ဖတ်ဖြစ်သည်။ ငါးခေါက်လောက် ဆက်တိုက်ရွတ်ပြီးလျှင်ကား အတန်အသင့် စိတ်သက်သာရာ ရတတ်လေသည်။

အိမ်ရှေ့ခန်းတွင် ချိတ်ထားသော တိုင်ကပ်နာရီမှ တစ်၊ တောက်၊ တစ်၊ တောက်နှင့် အသံကို ကြားနေရသည်။ ကိုဦးသည် သမ္ဗုဒ္ဓေ ရွတ်လက်စကို ဆက်မရွတ်မိဘဲ စိတ်ထဲမှ တစ်...တောက်၊ တစ်...တောက်နှင့်လိုက်၍ ဆိုနေမိပြန်သည်။

အောက်ထပ်မှ ဘဘကြီး၏ ချောင်းဆိုးသံကိုကြားရသည်။ ထို့နောက် အိပ်ရာမှထပြီး ရေချိုးခန်းတံခါးဖွင့်သံ၊ ချောင်းထပ်ဆိုးသံ။

"ဘဘကြီးက ချောင်းဆိုးပျောက်ဆေးလည်း သောက်ရဲ့လား မသိပါဘူး"

ကိုဦးက စိတ်မကောင်းစွာ တွေးမိသည်။ ချောင်းဆိုးပြီးတိုင်း မျက်စိမျက်နှာမကောင်းဘဲ မောနေတတ်သော်လည်း ဆေးသောက်ရန်ကိုကား ဘာဖြစ်လို့များ မေ့လျော့နေရလေသနည်းဟု အံ့ဩနေမိသည်။ သူတို့ချောင်းဆိုးလျှင်ကား မေမေသည် လျက်ဆားကို ကွမ်းရွက်ကလေးနှင့် ထုတ်ကာ ပါးစောင်တွင် ငုံထားတတ်သည်။ ကွမ်းရွက်စိမ်းက အာငွေ့နှင့်နွေးကာ အစိုပြန်ပြီး လျက်ဆားနှင့်အတူ လည်ချောင်းထဲသို့ တစိမ့်စိမ့်ကျဆင်းသွားတတ်သည်။ ခဏနေလျှင် လည်ချောင်းယားနေခြင်းပျောက်ပြီး ချောင်းဆိုးလည်း သက်သာ သွားတတ်သည်။ ကဲကဲကတော့ လျက်ဆားကင်နသည်။ ကွမ်းရွက်ကစပ်သည်နှင့် ချေးများချင်သည်။ တစ်ခါတစ်ရံလည်း မေမေလစ်လျှင် လစ်သလို ထွေးထုတ်ပစ်တတ်သည်။ သည်တော့လည်း သူတစ်ခုခုဖြစ်လျှင် တော်တော်နှင့် မပျောက်တတ်ချေ။

"ချောင်းဆိုးရင် ပုစွန်တို့၊ ခရမ်းသီးတို့ မစားရဘူးတဲ့၊ အဲဒါတွေက လည်ချောင်းယားတယ်လို့ မေမေကပြောတယ်။ ဘဘကြီးကတော့ ပုစွန်ကြိုက်တယ်ထင်တယ်၊ဒါကြောင့်ချောင်းဆိုးမပျောက်တာလားမသိ"

တစ်နေ့တုန်းက ထမင်းစားပွဲပေါ်တွင် စားမကုန်ဘဲ ကျန်နေသော ပုစွန်ထုပ်ဟင်းကို မြင်ယောင်ရင်း ကိုဦးကပုစွန်ထုပ်ကို တရားခံစွဲလိုက်မိသည်။

"မေမေက အန်တီမွှေးကို ဈေးဖိုးပေးသွားတယ်။ အန်တီမွှေးက နက်ဖြန်ကျရင် ဘာဟင်းစားမလဲတဲ့၊ အင်း ဘဘကြီးစားတဲ့ ပုစွန်ထုပ်မျိုးကြီးသာ" ကိုဦးတွေးရင်းတောရင်း တံတွေးမျိုလိုက်မိသည်။

"ဒါပေမယ့် မဖြစ်ပါဘူး၊ ပုစွန်ထုပ်က သိပ်ဈေးကြီးတာ၊ အန်တီမွှေးက ကောင်းမယ်ထင်တာဝယ်ပြီး ချက်ပေးပါလိမ့်မယ်လေ၊ ဖေဖေကပြောဖူးတယ် ဆာမှစားတဲ့ ဆာတဲ့အခါကျမှစားရင် ဘာဟင်းနဲ့ဖြစ်ဖြစ် သိပ်ပြီးစားလို့ကောင်းတာပဲတဲ့"

ကိုဦးက ဟိုတွေး သည်တွေးနှင့် မျက်တောင်တွေ တဖြည်းဖြည်း မှေးစင်းလာသည်။ ထို့နောက် မှေးခနဲ အိပ်ပျော်သွားသည်။ ထို့နောက် အိပ်မက်မက်သည်။ အိပ်မက်ထဲတွင် ကိုဦးသည် ငပလီကမ်းခြေသို့ ရောက်သွားသည်။ ထိုပြင် ဘွားဘွားကြီးကိုလည်း တွေ့ရသည်။ ဘွားဘွားကြီးက ပုန်းညက်ပင်ကြီးအောက်တွင် မေမေ၊ ဖေဖေတို့နှင့်အတူထိုင်ကာစကားပြောနေသည်။ ကိုဦးတို့ကတော့သောင်ပြင်တွင် ပြေးလွှားဆော့နေကြသည်။ ခရုတွေကောက်ကြသည်။ ကမ်းစပ်တွင်ငုံ့၍ ခရုကောက်နေစဉ် လှိုင်းလုံးကြီးတစ်လုံးက သူ့ဆီသို့ တလိမ့်လိမ့် ပြေးလာသည်။ ကိုဦးက နောက်ဘက်သို့ဆုတ်ကာ ပြေးသော်လည်း မလွတ် ရေလှိုင်းကသဲသောင်ပြင်ကို ဖြန်းခနဲရိုက်ကာ ရေစက်ရေမှုန်များ ဖွားခနဲလွင့်သွားသည်။ ကိုဦး၏အင်္ကျီတွင်လည်း ရေများ ရွှဲကုန်သည်။ ထိုအချိန်တွင် အိပ်မက်မှ ကိုဦးလန့်နိုးလာလေသည်။

"သွားပါပြီဗျ"

ကိုဦးက အိပ်ရာမှ လူးလဲထလိုက်သည်။ သူ့အင်္ကျီတွင်လည်း တကယ့်ကို စိုရွှဲနေသည်။ ပင်လယ်ဆားငန်ရေတော့ မဟုတ်၊ ကိုတူးက သူ့လည်ပင်းကို ခွကာ ရှူးရှူးပန်းလိုက်ခြင်းကြောင့်ဖြစ်သည်။

"ဟော့ကောင် ....ကိုတူး.... ထထ"

ပုဆိုးတခြား လူတခြားဖြစ်နေသော ကိုတူးကို နှစ်ချက်ဆင့် ထုပစ်သော်လည်း ကိုတူးက မနိုးချေ၊ အီးခနဲအော်ကာ တစ်ဖက်သို့ လှိမ့်ဝင်သွားပြီး ဆက်၍အိပ်နေသည်။

"ကောင်းတယ် သေးပန်းတာက မင်း၊ စိုတာကတော့ ငါ၊ ဟင်း.... ခွေးကောင်"

ကိုဦးက အိပ်ရာထဲမှ မြန်မြန်ထွက်ကာ အင်္ကျီလဲရသည်။ တစ်ခုတော့ တော်ပါသေးသည်၊ သူ့ကိုခွကာ ပန်းလိုက်ခြင်းဖြစ်၍ ချက်ချင်းနိုးသည်။ မွေ့ရာတွေတော့ ရွှဲစိုမသွားချေ။

*ဆက်လက်ဖော်ပြပါမည်*




ဤကဏ္ဍတွင် ဖော်ပြသော အကြောင်းအရာများသည် ပေးပို့သူ၏ အာဘော်သာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။

*စာတည်းအဖွဲ့*

## ကျေးလက်ကုန်ထုတ်တံတား တည်ဆောက်ပြီးစီးသဖြင့် ကုန်စည်ပို့ဆောင်ရေး လွယ်ကူအဆင်ပြေလာခြင်းကြောင့် တာဝန်ရှိသူများအား အထူးကျေးဇူးတင်ရှိ

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရမည်းသင်းမြို့နယ်၊ ပုတီးကုန်းကျေးရွာ၌ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေ ကျပ် ၁၆ ဒသမ ၃၂ သန်းဖြင့် ကျေးလက်ကုန်ထုတ်တံတား တည်ဆောက်ပြီးစီးသောကြောင့် ဒေသခံပြည်သူများက တာဝန်ရှိသူများကို ကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြပါတယ်။

"ပုတီးကုန်းကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းပေါ်မှာ ကုန်ထုတ်တံတား Slab Culvert တံတားနှစ်စင်းကို တည်ဆောက်ခဲ့တာ အခု ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့ပြီ ဖြစ်ပါတယ်။ အခုလို ကျေးလက်ကုန်ထုတ်တံတား တည်ဆောက်နိုင်မှုကြောင့် စိုက်ပျိုးမြေ ၁၈၀၀ ဧကမှထွက်ရှိတဲ့ လယ်ယာထွက်ကုန်နဲ့ ကောက်ပဲသီးနှံတွေကို ဈေးကွက်အတွင်း ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်လို့ ဒေသရဲ့လူမှုစီးပွားတိုးတက်လာပါတယ်။ ဒါကြောင့် တံတားတည်ဆောက်ပေးတဲ့ တာဝန်ရှိသူတွေကို အထူးကျေးဇူးတင်ရှိပါတယ်"

*ဒေသခံပြည်သူတစ်ဦး*

*နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များ၊ လုပ်ဆောင်ချက်များအပေါ် ဝေဖန်အကြံပြုလိုပါက ပြည်သူများ၏ အတွေးအမြင်များ၊ သုံးသပ်ချက်များနှင့် ဝေဖန်အကြံပြုချက်များကို ပြည်သူ့အသံကဏ္ဍသို့ ပေးပို့နိုင်ပါသည်။*

## ပြည်တွင်းသုံးသဘာဝဓာတ်ငွေ့၏ ၈၅ ရာခိုင်နှုန်းကို လျှပ်စစ်ဓာတ်အားကဏ္ဍတွင် အသုံးပြုနေ


ဓာတ်ပုံ – MOI

ပြည်တွင်းသုံးသဘာဝဓာတ်ငွေ့၏ ရှစ်ရာခိုင်နှုန်းကို စက်မှု/ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ခုနစ်ရာခိုင်နှုန်းကို သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ၈၅ ရာခိုင်နှုန်းကို လျှပ်စစ်ဓာတ်အားကဏ္ဍတို့၌ အသုံးပြုလျက်ရှိကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

မော်တော်ယာဉ်များတွင် CNG သုံးစွဲခြင်းသည် ဓာတ်ဆီ၊ ဒီဇယ်ဆီ သုံးစွဲခြင်းများထက် ကုန်ကျစရိတ်များစွာသက်သာပြီး ကာဗွန်ထုတ်လွှတ်မှုလျော့နည်းသဖြင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍတွင် CNG သုံးစွဲမှုကို မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်မှ ခရီးသွားများ ဈေးနှုန်းသက်သာစေရန် CNG ကို YBS ယာဉ်များနှင့် အငှားယာဉ်(Taxi)များကို ဦးစားပေး၍ အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရေးအတွက် ဖိအားမြှင့်သဘာဝဓာတ်ငွေ့ (Compressed Natural Gas–CNG) ဖြန့်ဖြူးပေးခြင်းကို စွမ်းအင်ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိပြီး သဘာဝဓာတ်ငွေ့ကို ပြည်ပသို့တင်ပို့ဖြန့်ဖြူးရောင်းချခြင်းအပြင် ပြည်တွင်း၌ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးနှင့် စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရန် အတွက်လည်း ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရှိရသည်။ *ကိုအောင်*


## ရှားပါးမျိုးစိတ် ပန်ဒါနီလေးကောင် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ ရောက်ရှိ

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ ရှားပါးမျိုးစိတ်ဖြစ်သည့် ပန်ဒါနီလေးကောင် ရောက်ရှိနေကြောင်း ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှသိရှိရသည်။

အဆိုပါ ပန်ဒါနီ လေးကောင်ကို ကချင်ပြည်နယ်၊ ကန်ပိုင်တည်မြို့ (တရုတ်ပြည်နယ်စပ်အနီး)မှ တစ်ဆင့် မြစ်ကြီးနားမြို့၊ ထိုမှတဆင့် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း၏ ကူညီပံ့ပိုးမှုဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

မြစ်ကြီးနားမြို့မှ ရန်ကုန်မြို့သို့ ခေါ်ယူလာရာတွင်လည်း တိရစ္ဆာန်ဆေးကုဆရာဝန်နှင့် ကြီးကြပ်သူများ အဆင့်ဆင့်ပါဝင်၍ ဂရုတစိုက်သယ်ဆောင်လာခဲ့ပြီး ပန်ဒါနီ လေးကောင်မှာ အထီး တစ်ကောင်၊ အမ သုံးကောင်ဖြစ်ပြီး အသက် နှစ်နှစ်ဝန်းကျင်ခန့် အသီးသီး ရှိကြသည်။

နို့တိုက်သတ္တဝါ အမျိုးအစားဖြစ်သည့် ပန်ဒါနီလေးများသည် သဘာဝတောအတွင်း၌ အကောင်ရေ (၁၀၀၀၀) အောက်သို့ရောက်ရှိနေပြီး မကြာမီ မျိုးသုဉ်းရန် အန္တရာယ်ရှိသည့် မျိုးစိတ်ဝင် တိရစ္ဆာန်ယဉ်(ရန်ကုန်)၌ ထိန်းသိမ်းရေး လုပ်ငန်းတစ်ခုတွင် အပါအဝင်ဖြစ်သည့် Captive Breeding (သားပေါက်



မျိုးပွားခြင်း)ကိုအောင်မြင်စွာ လုပ်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် ရောက်ရှိလာခြင်းဖြစ်ကြောင်း ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှသိရှိရသည်။

*ကိုဘုန်း*

# ဓမ္မစာစု

## မိဘကို လုပ်ကျွေးပြုစုသူများရရှိသောအကျိုး

မိဘနှစ်ပါး၏ ဂုဏ်ကျေးဇူးသည် ဆပ်၍မကုန်နိုင်အောင် ကြီးမားလှပါသည်။ မည်သည့်ဘာသာဝင်မဆို မိဘကို အရိုအသေပြုကြသည်။ လုပ်ကျွေးပြုစုစောင့်ရှောက်ကြပါသည်။ မိဘနှစ်ပါးကို အလုပ်အကျွေးပြုသူများသည် အောက်တွင်ဖော်ပြပါရှိသည့် အကျိုးကျေးဇူးများကို ရရှိနိုင်ကြပါသည်–

(၁) ကပ်သုံးပါးကို ကျော်နင်းနိုင်၏။
(၂) ဘီလူးတို့ မစားနိုင်။
(၃) ကားမှောက်၊ လေယာဉ်ပျက်၊ သင်္ဘောပျက်၍ မသေနိုင်။
(၄) လူကောင်း၊ နတ်မြတ်နတ်ကောင်းတို့ ချစ်ခင်၏။
(၅) ဆုတောင်းတိုင်း ပြည့်စုံ၏။
(၆) ကျင့်ကြံအားထုတ်ပါက မဂ်ဖိုလ်နိဗ္ဗာန်နှင့်နီးစပ်ပါ၏။

*အရှင်သုဓမ္မသာရ (အောင်စကြာကျောင်း)*

# စ ကား ပုံ မှ ပေး သော အ သိ များ

## စီးတဲ့ရေ ဆည်တဲ့ကန်သင်း

စီးဝင်လာသော ရေကို လယ်ကွင်းထဲ၌ တည်နေအောင် ကန်သင်းဆည်၍ ပိတ်ထားရသကဲ့သို့ အိမ်ထောင်တစ်ခုတွင် လင်ယောကျ်ား ရှာဖွေ၍ရသော စီးပွားဥစ္စာကို မလေမလွင့်ရအောင် အိမ်ရှင်မဖြစ်သူက ထိန်းသိမ်းရသည်။

**"စီးတဲ့ရေ ဆည်တဲ့ကန်သင်း"** ဆိုသော စကားကဲ့သို့ အိမ်ထောင်ဦးစီး ယောကျ်ားများ ရှာဖွေရရှိသော ငွေကြေးကို ဇနီးသည်က စုဆောင်းထိန်းသိမ်း၍ စေ့စပ်ချွေတာ သုံးစွဲရသည် ဟု ဆိုလိုခြင်းဖြစ်သည်။

*မြန်မာစာအဖွဲ့ဦးစီးဌာန၏ မြန်မာစကားပုံစာအုပ်*

# သ ဒ္ဒါ အ သုံး အ နှုန်း

## ဌာန်တူသော်လည်း

အချို့ပါဠိစကားလုံးတို့ကို ရွတ်ဖတ်ရာတွင် စကားသံဖြစ်ရာ **ဌာန်တူ**ဗျည်းတို့ကို မှားယွင်းပြောင်းလဲ ရွတ်ဖတ်တတ်သည်။

ပါဠိစကားလုံး **ထောမနာ** တွင် မ သည် နှုတ်ခမ်း၌ ဖြစ် သော ဗျည်းဖြစ်သည်။ ပ သည်လည်း နှုတ်ခမ်း၌ ဖြစ်သည်။ ထိုဌာန်တူသော မ နှင့် ပ ကို ပြောင်းလဲ၍ မှားယွင်း ရွတ်ဖတ်တတ်သည်။ **ထောမနာ** ကို ထောပနာဟု ဖတ်ပါက မှားသည်။ **ထောမနာ**ကို **ထောမနာ** ဟု ရွတ်ဖတ်မှ မှန်သည်။


*မြန်မာစာအဖွဲ့ဦးစီးဌာန၏ မြန်မာစာမြန်မာစကားစာအုပ်မှ*

# သိ မှ တ် လေ့ လာ အ င်္ဂ လိ ပ် စာ

| | | | |
|---|---|---|---|
| ၁။ | Chiefly | (adv) | အဓိကအားဖြင့်။ |
| ၂။ | Deeply | (adv) | နက်နက်ရှိုင်းရှိုင်း။ |
| ၃။ | Extremely | (adv) | အလွန်အမင်း။ |
| ၄။ | Formerly | (adv) | ယခင်က။ |
| ၅။ | Hardly | (adv) | အနည်းငယ်မျှ။ |
| ၆။ | Notably | (adv) | အထူးသဖြင့်။ |
| ၇။ | Occasionally | (adv) | ရံဖန်ရံခါ။ |
| ၈။ | Partially | (adv) | တစ်စိတ်တစ်ပိုင်း။ |
| ၉။ | Rather | (adv) | အတော်အသင့်။ |
| ၁၀။ | Scarcely | (adv) | ခဲယဉ်းစွာ။ |

အတွဲ(၂၂)၊ အမှတ်(၁၈)၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက် ဂျာနယ်

# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ထောပတ်ပဲ ၈၂၇ ဧက လျာထားစိုက်ပျိုးမည်



ဓာတ်ပုံ – doca.gov.mm

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၈၂၇ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၈၂၇ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါ ထောပတ်ပဲစိုက်ပျိုးခြင်းကို ယခုနှစ် အောက်တိုဘာလတွင် စတင်စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်းသတ်မှတ်စိုက်ဧကများ ပြည့်မီအောင် စိုက်ပျိုးနိုင်ရန်နှင့် ပန်းတိုင်အထွက်နှုန်းများရရှိစေရန် မျိုးကောင်းမျိုးသန့်များ ရရှိရေးနှင့် စိုက်ပျိုးရေးနည်းပညာများကို တောင်သူများနှင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်အတွင်း ထောပတ်ပဲ ၈၂၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ထောပတ်ပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်သွားမှာပါ။ တောင်သူတွေကိုလည်း စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးကြဖို့ အထွက်နှုန်းကောင်းတဲ့မျိုးတွေ ရွေးချယ်စိုက်ပျိုးကြဖို့၊ မြေဩဇာနဲ့ သွင်းအားစုတွေ မှန်မှန်ကန်ကန် သုံးစွဲကြဖို့ စိုက်ပျိုးရေစနစ်တကျသုံးစွဲကြဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးကြဖို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်” ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်အတွင်း ထောပတ်ပဲသီးနှံအပါအဝင် ပဲမျိုးစုံသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံများ အထွက်နှုန်းကောင်းမွန်ရေး၊ ဒေသနဲ့ကိုက်ညီသော အထွက်နှုန်းကောင်း မျိုးများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့် စိုက်ပျိုးရေးနည်းပညာပေးခြင်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ထောပတ်ပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

*လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)*

# စက်သုံးဆီလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရန် ရေနံချက်စက်ရုံများ တည်ဆောက်နေ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်ရှိ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)၌ တစ်နှစ်လျှင် ရေနံစိမ်းတန်ချိန် ငါးသိန်းချက်လုပ်နိုင်သော Modular Type စက်ရုံကို ၂၀၂၅ ခုနှစ်အတွင်း လည်ပတ်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။ အဆိုပါ စက်ရုံလည်ပတ်နိုင်ရန် စက်ပစ္စည်းများထုတ်လုပ်မှု ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကာ ရေနံစိမ်းနှင့် ရေနံထွက် ပစ္စည်းဖြန့်ဖြူးပေးမည့် ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်းနှင့် သဘာဝဓာတ်ငွေ့များ ပို့လွှတ်ပေးနိုင်ရန် ပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်း ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြေပြင်စက်ရုံတည်ဆောက်နေမှု လုပ်ငန်း ၂၅ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီး သတ်မှတ်ကာလဖြစ်သည့် ယခုနှစ် ဒီဇင်ဘာလတွင် လည်ပတ်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ နိုင်ငံတော်၏ စက်သုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် စွမ်းအင်ဝန်ကြီးဌာနသည် ပထမအဆင့်အနေဖြင့် တန်ချိန်ငါးသိန်း ချက်လုပ်နိုင်သော Modular Type စက်ရုံကို တည်ဆောက်နေခြင်းဖြစ်ပြီး စီမံကိန်းပြီးစီးပါက ဒုတိယအဆင့်အနေဖြင့် တစ်နှစ်လျှင် ရေနံစိမ်းတန်ချိန် သုံးသန်းချက်လုပ်နိုင်မည့် ရေနံချက်စက်ရုံ အသစ်ကို ၂၀၂၈ ခုနှစ်အတွင်း တည်ဆောက်ပြီးစီးရန် လျာထားဆောင်ရွက်နေကြောင်း သိရသည်။

*လရောင်*



ဓာတ်ပုံ – myanmar.gov.mm

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|---|
| ၁။ | ရွှေဘိုပေါ်ဆန်း | ပြည် | ၈၃၀၀ |
| ၂။ | ဧည့်မထ | ။ | ၄၃၀၀ |
| ၃။ | မြေပဲဆီ | တစ်ပိဿာ | ၂၆၀၀၀ |
| ၄။ | နှမ်းဆီ | ။ | ၂၄၃၀၀ |
| ၅။ | စားအုန်းဆီ | ။ | ၆၅၂၀ |
| 2၆။ | ကုလားပဲကြမ်း | ။ | ၇၈၀၀ |
| ၇။ | ပဲနီလေး | ။ | ၁၉၀၀၀ |
| ၈။ | ပဲကြီး | ။ | ၈၅၀၀ |
| ၉။ | စားတော်ပဲ | ။ | ၁၁၅၀၀ |
| ၁၀။ | ကြက်သွန်နီ | ။ | ၂၅၀၀ |

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|---|
| ၁၁။ | အာလူး | တစ်ပိဿာ | ၇၅၀၀ |
| ၁၂။ | ကြက်သား | ။ | ၂၃၀၀၀ |
| ၁၃။ | ဝက်သား | ။ | ၃၈၀၀၀ |
| ၁၄။ | အမဲသား | ။ | ၃၆၀၀၀ |
| ၁၅။ | ဆိတ်သား | ။ | ၅၈၀၀၀ |
| ၁၆။ | ငါးခူ | ။ | ၃၅၀၀၀ |
| ၁၇။ | ငါးကျည်း | ။ | ၄၀၀၀၀ |
| ၁၈။ | ငါးမြစ်ချင်း | ။ | ၁၈၀၀၀ |
| ၁၉။ | ပုစွန်တုပ် | ။ | ၆၅၀၀၀ |
| ၂၀။ | ပုစွန်ကျော့ | ။ | ၃၂၀၀၀ |

| စဉ် | Fuel (လက်လီ) | ရန်ကုန် | မန္တလေး |
|---|---|---|---|
| ၁။ | 92 Ron | ၂၉၄၅ | ၃၀၅၅ |
| ၂။ | 95 Ron | ၃၀၁၀ | ၃၁၂၀ |
| ၃။ | HSD (500 ppm) | ၂၅၆၀ | ၂၆၇၅ |
| ၄။ | HSD (50 ppm) | ၃၁၇၀ | ၃၂၈၀ |
| ၅။ | HSD (10 ppm) | ၃၁၇၀ | ၃၂၈၀ |

| စဉ် | Fuel (လက်ကား) | ရန်ကုန် | မန္တလေး |
|---|---|---|---|
| ၁။ | 92 Ron | ၂၇၇၆ | ၂၈၆၅ |
| ၂။ | 95 Ron | ၂၈၃၉ | ၂၉၂၉ |
| ၃။ | HSD (500 ppm) | ၂၄၀၄ | ၂၄၈၂ |
| ၄။ | HSD (50 ppm) | ၂၉၉၄ | ၃၀၈၃ |
| | HSD (10 ppm) | ၂၉၉၄ | ၃၀၈၃ |

အထက်ပါ ကုန်စည်ဈေးနှုန်းများသည် စက်တင်ဘာလ ဒုတိယပတ် ဈေးနှုန်းများဖြစ်ပြီး အချိန်အခါနှင့် ဒေသကိုလိုက်၍ အပြောင်းအလဲ ရှိနိုင်ပါသည်။

# ပြည်သူ့စာကြည့်တိုက်

- **ပြည်**ရွာအကျိုး ဆောင်သယ်ပိုး၍
ရွှေမိုးကောင်းကင် အာကာပြင်ထိ
ရှစ်ခွင်ဝဋ္ဍာ ပင်လယ်ပြာထိ
ကမ္ဘာအရပ်ရပ် စာဖြင့်ပတ်မည်
မွန်မြတ်စာပေ ကမ္ဘာတည်စေ။
- **သူ့**စိတ်မနော သူ့သဘောတွင်
တွေးတောဆင်ခြင် နှံ့စပ်မြင်သိ
ခံမင်ရသ ဒဿနနှင့်
သုတစုံလင် သူ့ဂုဏ်အင်တို့
အောင်မြင်ခပင်း ရှိစေမင်း။
- **စာ**ပေအလင်း သူ့အဆင်းကြောင့်
ထိန်ဝင်းပညာ ဉာဏ်စဉ်ဖြာ၍
ဤဟာအမှား ဤသည်ကားအမှန်
ခွဲခြားတွေးဆ လောကလှအောင်
သုတ ရသ ဝေကာမျှ။
- **ကြည့်**မြင်ဖတ်မှတ် စာပေမြတ်ကို
တစ်သက်တစ်လျာ မကင်းကွာရန်
ဖွေရှာဆည်းပူး လက်တွေ့ဦးဆောင်
စိတ်ကူးဖော်ရာ နေ့ရက်သာတိုင်း
မေတ္တာခြံသိုင်း စာဖတ်ဝိုင်း။
- **တိုက်**ရိုက်ဖော်ပြ သူ့ဆန္ဒကြောင့်
မိတ္တ ဉာဏ စာရိတ္တတို့
တောက်ပအလင်း နိုင်ငံတွင်းဝယ်
ထိန်ဝင်းထွန်းပြောင် ပြည်သူ့နောင်ရေး
ရှေ့ဆောင်ထမ်းရွက် တိုင်းပြည်အတွက်
လှူ့ဘောင်နန်းထက် ပန်းပန်လျက်။ ။

*ချိုဝတီ*



# ပွင့်လင်းမြင်သာရှိမှု တိကျမှန်ကန်မှုတို့နှင့် မဲပေးစက်၏ မဲရလဒ်

မောင်အိပ်စ်ဇဲ

ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲတွင် ပြည်တွင်းပညာရှင်များ တီထွင်ထုတ်လုပ်ထားသည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များ အသုံးပြု၍ ဆန္ဒမဲပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရွေးကောက်ပွဲတွင် မဲရုံအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်မည့်သူများအား “မဲပေးစက်ကိုင်တွယ်အသုံးပြုနည်း” သင်တန်းများကို မြို့နယ်အသီးသီးတွင် ဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။ ယခုရွေးကောက်ပွဲသည် ယခင်ရွေးကောက်ပွဲများကဲ့သို့ သမားရိုးကျ မဲလက်မှတ်ဖြင့် မဲပေးရခြင်းမျိုးမဟုတ်ဘဲ မဲပေးစက်တွင် မိမိဆန္ဒပြုလိုသည့် ပါတီ/ကိုယ်စားလှယ်ကို ခလုတ်နှိပ်မဲပေးရခြင်းမျိုး ဖြစ်သည့်အတွက် မဲပေးရာတွင်လည်းကောင်း၊ မဲရလဒ်များ ထုတ်ယူရာတွင်လည်းကောင်း မဲပေးစက်၏ ပွင့်လင်းမြင်သာရှိမှု၊ တိကျမှန်ကန်မှုတို့ကို လေ့လာတင်ပြလိုပါသည်။

**မဲပေးစက် ဖွဲ့စည်းတည်ဆောက်ထားပုံ**

မဲပေးစက်ကို စက်အစိတ်အပိုင်းသုံးခုဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး အဆိုပါအစိတ်အပိုင်းတစ်ခုနှင့်တစ်ခု ချိတ်ဆက်အသုံးပြုရပါသည်။ အစိတ်အပိုင်းများအနက် ဆန္ဒပြုစက် (Ballot Unit – BU) နှင့် မဲပေးချက်ဖော်ပြသည့်စက် (Verification Unit – VU) များသည် မဲဆန္ဒရှင်နှင့် သက်ဆိုင်သော အစိတ်အပိုင်းများဖြစ်ပြီး ထိန်းချုပ်စက် (Control Unit – CU) သည် မဲရုံအဖွဲ့ဝင်များက လုပ်ဆောင်ပေးရမည့် အစိတ်အပိုင်း ဖြစ်ပါသည်။

မဲပေးစက်ကို မိုက်ခရိုကွန်ထရိုလာစနစ်ဖြင့် ရိုးရှင်းစွာ တည်ဆောက်ထားပြီး လျှပ်စစ်မီးမရသည့် နေရာများတွင်လည်း သုံးနိုင်ရန် ဘက်ထရီစနစ်ကိုအသုံးပြုထားပါသည်။ ထို့အပြင် ကွန်ပျူတာများကဲ့သို့ Window OS စနစ် မပါဝင်ခြင်း၊ Internet, Bluetooth, USB စသည့် External Device များ ချိတ်ဆက်နိုင်သည့် အပေါက်များ မပါဝင်ခြင်းအပြင် မဲပေးစက်အစိတ်အပိုင်း တစ်ခုနှင့်တစ်ခုကို မည်သည့် External Device များ၊ ကြိုးမဲ့ Device များ မချိတ်ဆက်နိုင်စေရန် သီးသန့် တီထွင်ထားပါသည်။ မဲပေးစက်၏ ထိန်းချုပ်စက်တစ်လုံးချင်းကိုလည်း စက်အမှတ် Serial No. များ သတ်မှတ်၍ မဲရုံအလိုက်ဖြန့်ခွဲသည့် စက်နံပါတ်များကို မှတ်တမ်းထားရှိပါသည်။ သို့အတွက် မည်သူတစ်ဦးတစ်ယောက်ကမျှ မသမာသော နည်းလမ်းဖြင့် မဲပေးခြင်း၊ မဲရလဒ်ထုတ်ယူခြင်း၊ ထိန်းချုပ်စက်လဲလှယ်ခြင်း စသည်တို့ကို လိုသလို ပြင်ဆင်ဆောင်ရွက်၍ မရနိုင်ပါ။

**မဲပေးစက်ဖြင့် မဲပေးခြင်း**

ယခင်ရွေးကောက်ပွဲများကဲ့သို့ အမှန်ခြစ်၊ တံဆိပ်တုံးထုခြင်း လွဲမှားမှုကြောင့် ပယ်မဲဖြစ်ခြင်းမျိုး မရှိတော့ဘဲ ဆန္ဒပြုစက်တွင် မီးစိမ်းလေးလင်းပါက မိမိဆန္ဒပြုလိုသော ပါတီ/ ကိုယ်စားလှယ်ကို ရွေးပြီး ဘေးကခလုတ်အပြာလေးကို နှိပ်ကာ မဲပေးနိုင်ပါသည်။ ထို့နောက် မိမိဆန္ဒပြုခြင်း မှန်/မမှန် မဲပေးချက်ဖော်ပြသည့်စက်မှ ထွက်လာသည့် ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းကို လေးစက္ကန့်မျှကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ဆန္ဒမဲဖြတ်ပိုင်းမဲပုံးထဲသို့ ကျသွားမှ မဲပေးခြင်းပြီးဆုံးမည်ဖြစ်ပါသည်။ မဲပေးစက်ဖြင့် မဲပေးခြင်းကို ထိုကဲ့သို့ ပွင့်လင်းမြင်သာ ဖြစ်စေရန် ဆောင်ရွက်ထားရှိပါသည်။ သို့သော် မဲပုံးထဲကျသွားသော ဖြတ်ပိုင်းသည် ဆန္ဒမဲလက်မှတ် ဖြတ်ပိုင်းဖြစ်သဖြင့် စတိုးဆိုင်တွင် ဈေးဝယ်သည့်အခါ ငွေရှင်းဘောက်ချာမှတ်တမ်းယူသကဲ့သို့ ပြန်ယူသွား၍မရနိုင်ပါ။ ယခင်မဲလက်မှတ်နှင့် ဆန္ဒပြုခဲ့စဉ်ကလည်း မဲပေးပြီးပါက မဲလက်မှတ်ကို မဲပုံးထဲသို့ ထည့်ခဲ့ကြရပါသည်။

**မဲမပေးမီ မဲပေးစက်အား စစ်ဆေးခြင်း**

မဲရုံမှူးနှင့် လွှတ်တော်မဲဆန္ဒနယ်အလိုက် ထိန်းချုပ်စက်ကိုင်တွယ်သူများသည် မဲပေးခြင်း မစတင်မီ မဲပေးစက်အစိတ်အပိုင်းနှင့် ဆက်စပ်ပစ္စည်းများအား သေချာစွာတပ်ဆင်ထားခြင်း ရှိ/မရှိ စစ်ဆေးရသည့်အပြင် မဲပုံးအတွင်း ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းများ ကျန်နေခြင်း ရှိ /မရှိ မဲရုံကိုယ်စားလှယ်များ ရှေ့မှောက်တွင် စစ်ဆေးပြီး သတ်မှတ်ပုံစံများ ဖြည့်သွင်း၍ လက်မှတ်ရေးထိုးရပါသည်။ ထို့နောက် စက်အစိတ်အပိုင်းတစ်ခုချင်း၏ သတ်မှတ်နေရာများတွင် လုံခြုံရေးကြိုးများကို ချည်နှောင်ရပါသည်။ ဆက်လက်၍ “Total” ခလုတ် (မဲပေးပြီးသည့် အရေအတွက် စစ်ဆေးသည့် ခလုတ်) ကို နှိပ်၍ ထိန်းချုပ်စက်တွင် မဲပေးထားမှု လုံးဝမရှိသည့် အနေအထားကို မဲရုံကိုယ်စားလှယ်များအား ပြသရပါသည်။ ထိုသို့ ဆောင်ရွက်ပြီးမှသာ မဲရုံမှူးသည် ထိန်းချုပ်စက်ရှိ “On/Off” ခလုတ်ကိုနှိပ်၍ မဲရုံကို ဖွင့်ပေးရပါသည်။

**မဲပေးနေစဉ် ထိန်းချုပ်စက်ကိုင်တွယ်သူ၏ လုပ်ငန်း**

ထိန်းချုပ်စက်ကိုင်တွယ်သူသည် မဲဆန္ဒရှင် လျှို့ဝှက်ဆန္ဒပြုခန်းသို့ ရောက်လျှင် ထိန်းချုပ်စက်ရှိ “Ballot” ခလုတ်ကို နှိပ်၍မဲပေးခြင်းကို ခွင့်ပြုပေးရပါသည်။ ထိုသို့ ခွင့်ပြုပေးလိုက်သည်နှင့် တစ်ပြိုင်နက်ထိန်းချုပ်စက်ရှိ Display Screen တွင် “Start” ဟူသော စာသားပေါ်လာပြီး မီးစိမ်းလင်း၍ အသံတိုထွက်ပေါ်လာပါသည်။ တစ်ပြိုင်တည်းမှာပင် ဆန္ဒပြုစက်တွင်လည်း မီးစိမ်းလင်းလာမည် ဖြစ်ပါသည်။ မဲဆန္ဒရှင် မဲပေးပြီးပါက ထိန်းချုပ်စက်တွင် အသံတို ထပ်မံထွက်ပေါ်လာပြီး မီးစိမ်းလည်း ပိတ်သွားမည်ဖြစ်ပါသည်။

မဲပေးနေစဉ်အတွင်း ထိန်းချုပ်စက်တွင် “On/Off” “Total” “Ballot” ခလုတ်သုံးခုမှအပ ကျန်ခလုတ်များအား အဖုံးအုပ်၍ လုံခြုံရေးကြိုးဖြင့် ချည်နှောင်ထားခြင်း၊ ဆန္ဒပြုစက်ကိုသာ လျှို့ဝှက်ဆန္ဒပြုခန်းတွင်ထားပြီး ထိန်းချုပ်စက်ကို အများမြင်သာသော နေရာတွင် ထားရှိခြင်းတို့ကြောင့် ထိန်းချုပ်စက်ကိုင်တွယ်သူအနေဖြင့် မသမာသောနည်းလမ်းများ လုပ်ဆောင်၍ မရနိုင်ပါ။ ထို့အပြင် နိုင်ငံရေးပါတီများမှ ခန့်အပ်ထားသော မဲရုံကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် စက်များကို ခင်းကျင်းထားရှိပြီး ၎င်းတို့ကလည်း စောင့်ကြည့်နိုင်မည်ဖြစ်ပါသည်။

**မဲပေးနေစဉ် စစ်ဆေးခြင်းနှင့် မဲရုံပိတ်ခြင်း**

မဲပေးနေစဉ်အတွင်း မဲရုံမှူးသည် မဲစာရင်းမှတ်တမ်းစာအုပ်ပါ မဲပေးပြီး အရေအတွက်နှင့် ထိန်းချုပ်စက်ရှိ “Total” ခလုတ်ကို နှိပ်၍ Display Screen တွင် ဖော်ပြသော စုစုပေါင်းမဲပေးပြီး အရေအတွက်တို့ ကိုက်ညီမှု ရှိ/ မရှိ တိုက်ဆိုင်စစ်ဆေးနိုင်ပါသည်။ မဲပေးခြင်းပြီးဆုံးချိန်တွင် မဲရုံမှူးသည် ထိန်းချုပ်စက်ကိုင်တွယ်သူအား “Total” ခလုတ်ကို နှိပ်၍ Display Screen တွင် ဖော်ပြသော စုစုပေါင်းမဲပေးပြီး အရေအတွက်ကို မှတ်သားစေရပါသည်။ ထို့နောက် မဲရုံမှူးသည် ထိန်းချုပ်စက်ရှိ “On/Off” ခလုတ်ကိုနှိပ်၍ မဲရုံကိုပိတ်သည်နှင့် နောက်ထပ် မဲပေးခြင်းလုပ်ငန်းများ လုံးဝမဆောင်ရွက်နိုင်တော့ပါ။

**မဲပေးစက်ဖြင့် မဲပေးရာတွင် ပွင့်လင်းမြင်သာရှိမှု**

မဲပေးစက်ဖြင့် မဲပေးရာတွင် မဲဆန္ဒရှင်တစ်ဦးချင်းအနေဖြင့် မိမိခလုတ်နှိပ် ဆန္ဒပြုလိုက်သောပါတီ/ကိုယ်စားလှယ်လောင်း မှန်၊ မမှန် ဆန္ဒမဲလက်မှတ် ဖြတ်ပိုင်းကို ကြည့်ရှု၍ ပြန်လည်စိစစ်နိုင်ခြင်း၊ ထိန်းချုပ်စက်ကိုင်တွယ်သူက “Ballot” ခလုတ်ကို နှိပ်၍ ခွင့်ပြုပေးမှသာလျှင် ခလုတ်နှိပ်မဲပေးနိုင်ခြင်း၊ ထိန်းချုပ်စက်ကိုင်တွယ်သူအနေဖြင့် “Ballot” ခလုတ်ကို နှိပ်၍ ခွင့်ပြုပေးခြင်းကို မဲရုံကိုယ်စားလှယ်များ/အများပြည်သူရှေ့မှောက်တွင် လုပ်ဆောင်ပေးရသဖြင့် မသမာမှုတစ်ခုခုလုပ်ဆောင်ပါက ကန့်ကွက်နိုင်ခြင်း၊ မဲရုံမှူးအနေဖြင့် ထိန်းချုပ်စက်ရှိ “On/Off” ခလုတ်ကို နှိပ်၍ မဲရုံကို ဖွင့်/ပိတ် ပြုလုပ်ပေးခြင်းအပြင် မဲပေးနေစဉ်တွင် “Total” ခလုတ်နှိပ်၍ မဲပေးပြီးသူအရေအတွက်ကို စစ်ဆေးခြင်းမှလွဲ၍ ကျန်လုပ်ငန်းများ ဆောင်ရွက်နိုင်ခွင့်မရှိခြင်း စသည်ဖြင့် ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်ထားသဖြင့် မဲထပ်ထည့်ခြင်း၊ မဲအရေအတွက် ပြောင်းလဲစေရန်တို့ကို လုပ်ဆောင်၍ မရနိုင်ပါ။

**မဲပေးစက်မှ မဲရလဒ်များ ထုတ်ယူခြင်း**

မဲရုံမှူးသည် မဲရုံပိတ်ပြီးပါက မဲရုံကိုယ်စားလှယ်များကို မဲပေးစက်ရှိရာသို့ ခေါ်ယူ၍ မဲပေးစက်ရှိ လုံခြုံရေးကြိုးများ မူလအခြေအနေအတိုင်း ရှိ၊ မရှိ စစ်ဆေးပြသရပါသည်။ ထို့နောက် ၎င်းတို့ရှေ့မှောက်တွင် “Print” ခလုတ်ကိုနှိပ်ပြီး မဲပေးချက်ဖော်ပြသည့် စက်မှထွက်ရှိလာသော မဲရလဒ်များ ပါဝင်သည့်

*စာမျက်နှာ ၁၂ သို့*



ဓာတ်ပုံ – google.com

**ဒို့ ကျေး ရွာ ကာ တွန်း**



အတွဲ(၂၂)၊ အမှတ်(၁၈)၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက် ဂျာနယ်

# MRTV-4 ရုပ်သံလိုင်းတွင် မာလာမြိုင်သဘင်ပွဲတော် ထုတ်လွှင့်ပြသလျက်ရှိ




ဓာတ်ပုံ - youtube.com

မြန်မာ့ဇာတ်သဘင်အနုပညာကို ချစ်ခင်နှစ်သက်မြတ်နိုးကြသည့် ပရိသတ်များအတွက် "မာလာမြိုင် သဘင်ပွဲတော်"ကို စက်တင်ဘာလ ၇ ရက်နေ့မှစတင်၍ အပတ်စဉ် တနင်္ဂနွေနေ့ည ၈ နာရီအချိန်တွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

ရွှေစားဟိန်းမေတ္တာ (မင်္ဂလာရွှေဆိုင်းတော်)နှင့်အတူ မင်းသား ရွှေမန်းဦးချမ်းသာ၊ တင်မောင်ဆန်းမင်းဝင်း၊ မင်းရွှေရောင်တင်တို့နှင့်အတူ သဘင်မင်းသမီးများ၊ လူရွှင်တော်များနှင့် နှစ်ပါးခွင်၊ အငြိမ့်၊ အော်ပရာ စသည်တို့ကို တင်ဆက်ကပြ ဖျော်ဖြေသွားကြမည်ဖြစ်သည်။

ထို့အတူ "မာလာမြိုင်သဘင်ပွဲတော်" အစီအစဉ်ကို Pyone Play Stars YouTube Channel နှင့် မာလာမြိုင် YouTube Channel တွင်လည်း စောင့်မျှော်ကြည့်ရှုနိုင်ပါသည်။ *ယမင်း*

# အောက်တိုဘာလတွင် တစ်ကိုယ်တော်ရှိုးပွဲ ပြုလုပ်မည့် ပိုပို



ဓာတ်ပုံ - instagram.com

လက်ရှိတွင် အနုပညာလှုပ်ရှားမှုများရပ်နားထားသည့် အဆိုတော် ပိုပိုသည် လာမည့် အောက်တိုဘာလ ၃ ရက်နေ့တွင် သူမ၏ တစ်ကိုယ်တော်ရှိုးပွဲကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ပိုပို၏ တစ်ကိုယ်တော်ရှိုးပွဲတွင် သူမနှင့်အတူ အနုပညာရှင် ကိုးဦးကလည်း ပါဝင်အားဖြည့် ဖျော်ဖြေပေးသွားမည်ဖြစ်သည်။

အဆိုတော်ပိုပိုက သူမ၏တစ်ကိုယ်တော်ရှိုးပွဲကို သီတင်းကျွတ်ကာလဖြစ်သည့်အတွက် သီတင်းကျွတ် အမှတ်တရများစွာကိုလည်း ဖန်တီးပေးသွားမည်ဖြစ်ပြီး သီချင်းအမျိုးအစား များစွာဖြင့်လည်း သီဆိုဖျော်ဖြေပေးသွားမည်ဖြစ်ရာ မိသားစုနှင့်အတူ အမှတ်တရပျော်ရွှင်ချင်သူများ၊ တစ်ဦးတည်း အမှတ်တရဖြစ်ချင်သူများအနေဖြင့် ရှိုးပွဲသို့ လာရောက်အားပေးကြရန် ဖိတ်ခေါ်ထားသည်။ အလားတူ ပိုပိုက သူမ၏ရှိုးပွဲကို ရန်ကုန်မြို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး လက်မှတ်ဈေးနှုန်းကို ပြန်လည်ကြော်ငြာပေးသွားမည်ဖြစ်ကြောင်း သိရသည်။ *ယမင်း*

# ဒုတိယအသက်ကြီးဆုံး ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် ဂျိမ်းမင်နာ မှတ်တမ်းဝင်

ပရီးမီးယားလိဂ် ပွဲစဉ်(၃) အဖြစ် ဘရိုက်တန်အသင်းနှင့် မန်စီးတီးအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ဘရိုက်တန်အသင်းအတွက် ပင်နယ်တီမှ ချေပဂိုးသွင်းယူနိုင်ခဲ့သည့် ဂျိမ်းမင်နာသည် ဂိုးသွင်းယူချိန်တွင် အသက် ၃၉ နှစ် ၂၃၉ ရက်ဖြင့် ပြိုင်ပွဲသမိုင်းတစ်လျှောက် ဒုတိယမြောက်အသက်အကြီးဆုံး ဂိုးသွင်းယူနိုင်သူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် မန်စီးတီးအသင်းသည် ဟာလန်း၏ ဦးဆောင်ဂိုးဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ဒုတိယပိုင်း ပွဲကစားချိန် မိနစ် ၆၀ တွင် ဂျိမ်းမင်နာက ဘာလီဘာအစား ဝင်ရောက်ကစားခဲ့သည်။ ပွဲကစားချိန် ၆၇ မိနစ်တွင် ဘရိုက်တန်အသင်းရရှိသည့် ပင်နယ်တီအခွင့်အရေးကို ဂျိမ်းမင်နာက ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သဖြင့် ပရီးမီးယားလိဂ်တွင် ဒုတိယမြောက် အသက်ကြီးဆုံး ဂိုးသွင်းယူနိုင်သည့် ကစားသမားဖြစ်လာခဲ့သည်။ ပရီးမီးယားလိဂ်သမိုင်းတစ်လျှောက်တွင် အသက်အကြီးဆုံး ဂိုးသွင်းယူနိုင်သည့် ကစားသမားမှာ ဝက်စ်ဟမ်းအသင်း ကစားသမားဟောင်း ရှက်ရင်ဂမ်က အသက် ၄၀ နှစ် ၂၆၈ ရက်ဖြင့် ပထမ ၊ ဂျိမ်းမင်နာက အသက် ၃၉ နှစ် ၂၃၉ ရက်ဖြင့် ဒုတိယ၊ ဝင်းဒက်စ်က ၃၉ နှစ် ၂၃၅ ရက်ဖြင့် တတိယ၊ သီယာဂိုဆေးဗားက အသက် ၃၉ နှစ် ၁၉၈ ရက်ဖြင့် စတုတ္ထ၊ အက်ရှ်လေယန်းက အသက် ၃၉ နှစ် ၁၄၈ ရက်ဖြင့် ပဉ္စမနေရာတွင် အစဉ်လိုက် ရပ်တည်နေကြောင်း သိရသည်။

*ကျော်ကြီး(Sport)*




ဓာတ်ပုံ - soccer.com

## *ပွင့်လင်းမြင်သာရှိမှု တိကျမှန်ကန်မှုတို့နှင့် မဲပေးစက်၏ မဲရလဒ်*

*စာမျက်နှာ ၁၁ မှ*

စက္ကူဖြတ်ပိုင်းကို ထုတ်ယူရပါသည်။ ၎င်းဖြတ်ပိုင်းပါ ပါတီ/ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် မဲရလဒ်များကိုအများပြည်သူသိရှိစေရန် ကြေညာပေးရသည့်အပြင် မဲရုံကိုယ်စားလှယ်များကိုလည်း ပြသရပါသည်။ ဆက်လက်၍ သတ်မှတ်ပုံစံတွင် မဲရလဒ်များ ထည့်သွင်းပြီး မဲရလဒ်များပါဝင်သည့် စက္ကူဖြတ်ပိုင်း၏ ကျောဘက်တွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များအားလုံးက လက်မှတ်ရေးထိုး မှတ်တမ်းထားရှိရမည် ဖြစ်ပါသည်။

**မဲရလဒ်များ ထုတ်ယူရာတွင် ပွင့်လင်းမြင်သာရှိမှု**

မဲပေးစက်မှ မဲရလဒ်များ ထုတ်ယူခြင်းကို မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အများပြည်သူရှေ့မှောက်တွင် ပွင့်လင်းမြင်သာရှိစွာ လုပ်ဆောင်ရခြင်းဖြစ်ပါသည်။ သို့သော် ဤလုပ်ငန်းစဉ်သည် လွယ်ကူမြန်ဆန်သည့်အတွက် မှန်ကန်ပါ့မည်လားဟု သံသယဝင်စရာဖြစ်နိုင်သလို တကယ်ဆို မဲပုံးထဲမှ ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းများကို ရေတွက်၍ မရဘူးလားဟုလည်း မေးခွန်းများရှိလာနိုင်ပါသည်။ မဲပေးစက်ကို တီထွင်ရခြင်း၏ ရည်ရွယ်ချက်များတွင် ယခင်ကဲ့သို့ မဲရုံဝန်ထမ်းများ မဲလက်မှတ်များကို ခိုင်လုံမဲ၊ ပယ်မဲ ခွဲခြား၍ အချိန်လွန်သည်အထိ တစ်ရွက်ချင်းရေတွက်ရခြင်း၊ အငြင်းပွားရခြင်းများ မရှိတော့စေရန်ဆိုသည့် အချက်လည်း ပါဝင်ပါသည်။ ယနေ့ခေတ်တွင် လူအား၊ အချိန်အား လျှော့ချလိုသည့်အတွက် နည်းပညာများကို တီထွင်အသုံးပြုနေကြခြင်းဖြစ်သဖြင့် မဲပေးစက်သုံးပြီး အချိန်ကုန်ခံ မဲရေတွက်နေရမည်ဆိုပါက တီထွင်အသုံးချမှုများ အလဟဿဖြစ်သွားပါမည်။ ဆန္ဒမဲလက်မှတ်များကို ရေတွက်လိုပါက ဥပဒေ၊ နည်းဥပဒေနှင့်အညီ ကန့်ကွက်လွှာတင်သွင်း၍ ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ရရှိမှသာ ရေတွက်နိုင်မည်ဖြစ်ပါသည်။

ထို့အပြင် မဲရလဒ်ဖြတ်ပိုင်းတွင် ထိန်းချုပ်စက် နံပါတ်၊ ရွေးကောက်ပွဲကျင်းပသည့် ရက်စွဲ၊ ဖြတ်ပိုင်းထုတ်ယူသည့် အချိန်တို့ ဖော်ပြပါရှိသဖြင့် မဲရုံကိုယ်စားလှယ်များက တိတိကျကျ စစ်ဆေးကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

**တိကျမှန်ကန်သော မဲရလဒ်များ**

မဲပေးစက်၏ လုပ်ဆောင်ပုံကို နားလည်လွယ်စေရန် ဥပမာပေး ရှင်းပြရမည်ဆိုပါက အမှတ်စဉ် ၁ မှ ၅ အထိ မီးခလုတ် ၅ ခုရှိသည် ဆိုပါစို့၊ နံပါတ် ၁ မီးခလုတ်ကို နှိပ်ပါက နံပါတ် ၁ မီးလုံးလင်းပြီး နံပါတ် ၂ မီးခလုတ်ကို နှိပ်ပါက နံပါတ် ၂ မီးလုံး လင်းပါမည်။ သူ့ခလုတ်နှင့် သူ့မီးလုံး မှန်မှန်ကန်ကန်လင်းအောင် လုပ်ထားပါမည်။ ဒီအခြေအနေတွင် မီးခလုတ်တစ်ခုကို ဘယ်နှစ်ကြိမ် နှိပ်သည်ဆိုသည်ကိုမှတ်ထားသည့် Memory စနစ်လေးထည့်ထားလိုက်ပါသည်။ မှတ်သားထားသည့် ခလုတ်တစ်ခုချင်းအား နှိပ်သောအကြိမ် အရေအတွက်ကို စာရွက်နှင့် Print ထုတ်လိုက်ပါသည်။ ကြားထဲတွင် ဘယ်ခလုတ်ကို ဘယ်နှစ်ကြိမ်တိုးပေးပါဟု လုပ်၍ မရသလို ခလုတ်တစ်ခုချင်းအလိုက် နှိပ်ခဲ့သည့် အကြိမ်အတိုင်းကိုပဲ စာရွက်တွင် ဖော်ပြပေးမည်ဖြစ်ပါသည်။

လူအယောက် ၁၀၀ က ခလုတ်တစ်ခုကို တစ်ကြိမ်နှိပ်ခဲ့ပါက ခလုတ်တစ်ခုချင်းအလိုက် နှိပ်ခဲ့သည့် အကြိမ်အားလုံးပြန်ပေါင်းလိုက်သည့်အခါ အကြိမ် ၁၀၀ ရှိရမည် ဖြစ်ပါသည်။ မဲပေးစက်၏ လုပ်ဆောင်ပုံမှာ ဤသို့ဖြစ်သဖြင့် မဲရလဒ်ကို လိုသလို အပြောင်းအလဲ လုပ်နိုင်သည်ဟူသော ထင်မြင်ချက်သည် သံသယစိတ်သက်သက်သာဖြစ်မည်ဟု ယူဆမိပါသည်။ မဲရလဒ်ဖြတ်ပိုင်းပါ မဲရလဒ်များနှင့် မဲပုံးအတွင်းမှ ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းများ တူညီမှု ရှိ/မရှိကို မဲပေးစက်အသိပညာပေးသည့်အခါ စမ်းသပ်မဲပေးခြင်းအစီအစဉ်များတွင် လက်တွေ့ဝင်ရောက်စစ်ဆေးကြည့်ရှုနိုင်ပါသည်။

**လက်တွေ့စမ်းသပ်မဲပေးခြင်း**

မဲပေးစက်နှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်၍ ရွေးကောက်ပွဲတွင် လွယ်ကူစွာ မဲပေးနိုင်ရေး မဲပေးစက်ဆိုင်ရာ ရှင်းလင်းခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အစီအစဉ်များကို ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ မဲဆန္ဒရှင် စုစုပေါင်း တစ်သိန်းနှစ်သောင်းခန့်က ကိုယ်တိုင်လက်တွေ့စမ်းသပ်မဲပေးခဲ့ကြပြီးဖြစ်ပါသည်။ ထိုသို့ လက်တွေ့စမ်းသပ်မဲပေးစေခဲ့ရာတွင် မဲရလဒ်ဖြတ်ပိုင်းပါ တစ်ဦးချင်းမဲရလဒ်များနှင့် မဲပုံးအတွင်းရှိ ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်း တစ်ခုချင်း ရေတွက်မှုအရေအတွက် ကိုက်ညီကြောင်း မဲပေးစက်၏ မဲရလဒ် တိကျမှန်ကန်မှုကို လက်တွေ့ပြသနိုင်ခဲ့ပါသည်။ ထိုသို့ အသိပညာပေးခြင်း၊ လက်တွေ့စမ်းသပ် မဲပေးခြင်း အစီအစဉ်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

ရွေးကောက်ပွဲများမည်သည် မိမိဒေသ၊ မိမိရပ်ရွာ၏ အကျိုးကို မိမိတို့ကိုယ်စား တာဝန်ယူဆောင်ရွက်ပေးမည်ဟု ယုံကြည်လက်ခံသော ပုဂ္ဂိုလ်များအား မဲဆန္ဒရှင်ပြည်သူများက ဒီမိုကရေစီနည်းလမ်းကျကျ ရွေးချယ်ပေးရခြင်းဖြစ်ပါသည်။ ဤသို့ ရွေးချယ်ရာတွင် မဲဆန္ဒရှင်များ လွယ်ကူစွာ မဲပေးနိုင်ရေး၊ မဲဆန္ဒရှင်တစ်ဦးချင်း၏ ဆန္ဒမဲတစ်ခုသည် ပယ်မဲအဖြစ် အဟောသိကံမဖြစ်သွားစေရေး၊ မဲမသမာမှုဖြစ်စဉ်များ မဖြစ်ပေါ်စေရေးအတွက် မြန်မာအီလက်ထရောနစ်မဲပေးစက်များကို တီထွင်အသုံးပြုရခြင်းဖြစ်ပြီး မဲပေးစက်ဖွဲ့စည်းတည်ဆောက်ထားပုံရိုးရှင်းမှု၊ မဲပေးစက်ဖြင့် မဲပေးရာတွင် ပွင့်လင်းမြင်သာရှိမှု၊ မဲရလဒ်များ ထုတ်ယူရာတွင် ပွင့်လင်းမြင်သာရှိမှုနှင့် မဲရလဒ်များ တိကျမှန်ကန်မှုတို့ကို မဲဆန္ဒရှင်ပြည်သူများသိရှိနားလည်ပြီး လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတွင် ခလုတ်နှိပ်မဲပေးကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။

*မောင်အိပ်စ်ဇဲ*

# SCO အဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်မှုပမာဏ တိုးတက်လာ

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)မှ အဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့ကြား ၂၀၂၄ ခုနှစ်အတွင်း ကုန်သွယ်မှု ပမာဏသည် အမေရိကန်ဒေါ်လာ ၅၁၂ ဒသမ ၄ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ထိုပမာဏသည် ၂၀၂၃ ခုနှစ် ကုန်သွယ်မှုပမာဏထက် ၂ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံသည် SCO အဖွဲ့ဝင်နိုင်ငံများထံမှ ဒေါ်လာ ၉၀ ဘီလီယံတန်ဖိုးရှိ ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးများနှင့် ဒေါ်လာ ၁၃ ဒသမ ၆၆ ဘီလီယံတန်ဖိုးရှိ စိုက်ပျိုးရေးထုတ်ကုန်များကို တင်သွင်းခဲ့ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး လင်းကျီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ထို့ပြင် SCO အဖွဲ့ဝင်နိုင်ငံများမှ စွမ်းအင်တင်သွင်းမှု ပမာဏစုစုပေါင်းသည် တရုတ်နိုင်ငံက ပြည်ပမှစွမ်းအင်တင်သွင်းမှုစုစုပေါင်း၏ ငါးပုံတစ်ပုံရှိကြောင်း သိရသည်။

အလားတူ တရုတ်နိုင်ငံနှင့် SCO အဖွဲ့ဝင်နိုင်ငံများကြား ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုကဏ္ဍပူးပေါင်းဆောင်ရွက်မှုသည် ပြီးခဲ့သည့်နှစ်များအတွင်း တိုးတက်လာကြောင်းနှင့် SCO အဖွဲ့ဝင်နိုင်ငံများအတွင်း တရုတ်နိုင်ငံက ကုမ္ပဏီပေါင်း ၃၀၀၀ ကျော် တည်ထောင်ထားကာ နှစ်စဉ် အလုပ်အကိုင်အခွင့်အလမ်းပေါင်း နှစ်သိန်းကျော်ကို ဖန်တီးပေးနိုင်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ကျန်းလီက ပြောသည်။

SCO အဖွဲ့ကို ၂၀၀၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး သက်တမ်းအားဖြင့် ၂၄ နှစ်သို့ ရောက်ရှိလာချိန်တွင် ထိုအဖွဲ့၏ ဖွံ့ဖြိုးတိုးတက်မှုသည် ကမ္ဘာ့လူဦးရေ ထက်ဝက်နီးပါးကို ကိုယ်စားပြုသည့် အခြေအနေအထိ ရောက်ရှိလာပြီဖြစ်သည်။


ဓာတ်ပုံ – chinadaily.com

တရုတ်နိုင်ငံ တီယန်ကျင်းမြို့တွင် ကျင်းပခဲ့သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးအစည်းအဝေးတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ တွေ့ဆုံစဉ် ပြီးခဲ့သည့်နှစ်များအတွင်း နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတွင် တရုတ်နှင့် ရုရှားတို့အကြား အောင်မြင်မှုရလဒ်များ ရရှိခဲ့ကြောင်းနှင့် ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်ရေးစနစ်တွင် တရားမျှတမှုမြှင့်တင်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

*ကျော်တင့်(ရွှေခရမ်း)*

# စီးပွားရေးထိခိုက်စေသည့် လေထုနှင့် ရေထုညစ်ညမ်းမှုကို အမြန်ဖြေရှင်းကြရန် ကမ္ဘာ့ဘဏ်တိုက်တွန်း


ဓာတ်ပုံ – economictimes.com

ကမ္ဘာ့တစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် မြေဆီလွှာပျက်စီးမှု၊ လေထုနှင့် ရေထုညစ်ညမ်းမှုတို့သည် ဆိုးရွားစွာဖြစ်ပေါ်နေပြီး ကမ္ဘာ့စီးပွားရေးကဏ္ဍကို ထိခိုက်စေသည့်အတွက် အမြန်ဆုံးဖြေရှင်းရန် လိုအပ်နေကြောင်း အမေရိကန်နိုင်ငံအခြေစိုက် ကမ္ဘာ့ဘဏ်က ထုတ်ပြန်ခဲ့သည်။

ဝင်ငွေနည်းနိုင်ငံများတွင် ဆင်းရဲမွဲတေမှု၊ ရာသီဥတုဖောက်ပြန်မှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းစသည့် ခြိမ်းခြောက်မှုများ ခံနေရကြောင်းနှင့် ကမ္ဘာ့ဘဏ်အနေဖြင့် ဆင်းရဲမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း ကမ္ဘာ့ဘဏ်မှ ပြောရေးဆိုခွင့်ရှိသူ Axel van Trotsenburg က ဆိုသည်။

လေထုညစ်ညမ်းမှုနှင့် ရေထုညစ်ညမ်းမှုပြဿနာသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးကို ဆိုးရွားစွာထိခိုက်စေခြင်းကြောင့် ဝင်ငွေနည်းပါးသောပြည်သူများအတွက် အထိနာစေပြီး ဖွံ့ဖြိုးပြီးနိုင်ငံများ ပူးပေါင်းကာ ပြဿနာကို အမြန်ဆုံးဖြေရှင်းဆောင်ရွက်သင့်ကြောင်း ကမ္ဘာ့ဘဏ်က တိုက်တွန်းထားသည်။

ကမ္ဘာ့လူဦးရေ၏ ၉၀ ရာခိုင်နှုန်းသည် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုပြဿနာများထဲမှ အနည်းဆုံးတစ်ခုကို ရင်ဆိုင်နေရပြီး လေထုညစ်ညမ်းမှုနှင့် ရေထုညစ်ညမ်းမှုပြဿနာများကြောင့် စီးပွားရေးကဏ္ဍထိခိုက်မှု အများဆုံးရင်ဆိုင်ကြုံတွေ့နေရသည့် နိုင်ငံများမှာ ဘူရွန်ဒီနိုင်ငံနှင့် မာလာဝီနိုင်ငံတို့ဖြစ်သည်။ ဘူရွန်ဒီနိုင်ငံတွင် လေထုညစ်ညမ်းမှုနှင့် ရေထုညစ်ညမ်းမှုပြဿနာများနှင့် ရင်ဆိုင်နေရသည့် လူဦးရေ ရှစ်သန်းခန့်ထိရှိနေပြီး ခုနစ်သန်းခန့်သည် မြေဆီလွှာပျက်စီးမှုပြဿနာများနှင့် ရင်ဆိုင်နေရသည်။ မာလာဝီနိုင်ငံတွင်လည်း လူဦးရေ ၁၂ သန်းခန့်သည် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဆိုးရွားစွာခံစားနေရကြောင်း ကမ္ဘာ့ဘဏ်က ထုတ်ပြန်ထားကြောင်း သိရသည်။ *ကျော်တင့်*

# ပလတ်စတစ်အမှိုက်များမှတစ်ဆင့် ဓာတ်ဆီထုတ်လုပ်နည်း ပညာရှင်များတီထွင်

အမေရိကန်နှင့် တရုတ်နိုင်ငံမှ သိပ္ပံပညာရှင်များသည် ပလတ်စတစ်ကို ဓာတ်ဆီအဖြစ်သို့ အဆင့်တစ်ဆင့်တည်းဖြင့် ပြောင်းလဲနိုင်မည့်နည်းကို တီထွင်ဖန်တီးခဲ့ကြောင်း သိရသည်။

သိပ္ပံပညာရှင်များသည် ရေနံချက်လုပ်ငန်းမှ ဘေးထွက်ပစ္စည်းဖြစ်သည့် ဟိုက်ဒရိုကာဗွန် ဓာတ်ပေါင်းတစ်မျိုးနှင့် ပလတ်စတစ်အမှိုက်များကို ရောနှောလိုက်ရာမှ ဓာတ်ဆီအတွက် အဓိကပါဝင်ပစ္စည်းဖြစ်သည့် ကာဗွန် ၆ လုံးမှ ၁၂ လုံးအထိပါဝင်သော ဟိုက်ဒရိုကာဗွန်များကို ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ ယခုနည်းလမ်းသည် အခန်းတွင်းအပူချိန်မှာပင် လုပ်ဆောင်နိုင်ပြီး ၉၅ ရာခိုင်နှုန်းအထိ အောင်မြင်မှုရှိကြောင်းနှင့် အဆိုပါနည်းလမ်းဖြင့် ဓာတ်ဆီ၊ ဓာတုကုန်ကြမ်းပစ္စည်းများနှင့် ဟိုက်ဒရိုကလိုရစ်အက်စစ်တို့ကို ထုတ်လုပ်နိုင်ကြောင်း ပညာရှင်များက ဆိုသည်။

ယခုနည်းလမ်းသည် စွမ်းအင်လိုအပ်ချက်နည်းပါးကာ စက်မှုလုပ်ငန်းသုံးအဆင့်အထိ ထုတ်လုပ်နိုင်သည့်အပြင် ဖျက်ဆီးရန်ခဲယဉ်းသော ပလတ်စတစ်အမှိုက်များကို အကျိုးရှိသောထုတ်ကုန်များအဖြစ် အဆင့်တစ်ဆင့်တည်းဖြင့် ပြောင်းလဲနိုင်သည့် ပထမဆုံးသောနည်းလမ်းလည်းဖြစ်သည်။

*ကျော်ကျော်*


ဓာတ်ပုံ – techxplore.com

# တောင်ကိုရီးယားစာသင်ကျောင်းများတွင် မိုဘိုင်းဖုန်းနှင့် ဒစ်ဂျစ်တယ်ပစ္စည်းအသုံးပြုမှု တားမြစ်သည့်ဥပဒေပြဋ္ဌာန်း


ဓာတ်ပုံ – arisenews.com

တောင်ကိုရီးယားနိုင်ငံတွင် လူငယ်များကြား လူမှုမီဒီယာများကို လွန်ကဲစွာအသုံးပြုမှု မြင့်တက်လာခြင်းနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေစဉ် တစ်နိုင်ငံလုံးရှိ စာသင်ကျောင်းများ၌ မိုဘိုင်းဖုန်းများနှင့် ဒစ်ဂျစ်တယ်ပစ္စည်းများ အသုံးပြုမှုကို တားမြစ်သည့်ဥပဒေကို ပြဋ္ဌာန်းလိုက်ကြောင်း သိရသည်။

အဆိုပါဥပဒေအရ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းအားလုံးတွင် ကျောင်းသားများအနေဖြင့် စမတ်ဖုန်းများ၊ ဒစ်ဂျစ်တယ်ပစ္စည်းများအသုံးပြုခွင့်မရှိဘဲ မသန်စွမ်းသူကလေးငယ်များသာ ပညာသင်ယူရာတွင် လိုအပ်သော ဒစ်ဂျစ်တယ်ပစ္စည်းများအသုံးပြုခြင်းနှင့် အရေးပေါ်အခြေအနေတို့တွင်သာ စမတ်ဖုန်းများကို အသုံးပြုခွင့်ရှိမည်ဖြစ်သည်။ ယခုပြဋ္ဌာန်းလိုက်သည့် တားမြစ်မှုဥပဒေသည် ၂၀၂၆ ခုနှစ် မတ်လတွင် စတင်အသက်ဝင်မည်ဖြစ်ကြောင်း သိရသည်။

“ကလေးတွေဟာ လူမှုမီဒီယာကို အလွန်စွဲလမ်းနေကြတယ်၊ မနက် ၂ နာရီ၊ ၃ နာရီထိသုံးကြပြီး မနက်မိုးလင်းရင် သူတို့မျက်စိတွေက နီရဲနေတာပဲ” ဟု ဥပဒေတင်သွင်းသည့်လွှတ်တော်အမတ် ချိုဂျန်ဟွန်းက ပြောသည်။

တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာပေါ်တွင် ဒစ်ဂျစ်တယ်ချိတ်ဆက်အသုံးပြုမှု အမြင့်ဆုံးနိုင်ငံများထဲတွင် ပါဝင်ပြီး လေ့လာတွေ့ရှိချက်များအရ လူဦးရေ ၉၈ ရာခိုင်နှုန်းမှာ စမတ်ဖုန်းများ ပိုင်ဆိုင်ထားပြီး ၉၉ ရာခိုင်နှုန်းမှာ အွန်လိုင်းသုံးစွဲသူများဖြစ်သည်။ အခြားကမ္ဘာ့နိုင်ငံများသည်လည်း လူငယ်များ စမတ်ဖုန်းနှင့် လူမှုမီဒီယာသုံးစွဲမှုကို ကန့်သတ်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ *ကျော်ကျော်*

# ဗိုလ်ကျော်ရွှာဗေဒင်

## ၁-၁၀-၂၀၂၅ မှ ၁၅-၁၀-၂၀၂၅ အထိ

### ဝင်းမင်း (B.Sc)



**တနင်္ဂနွေ။** လုပ်ငန်းများ အဆင်မပြေ အထစ်အငေါ့များ ကြုံတွေ့နေရတတ်သည်။ ငွေကြေး အကျပ်အတည်းအချို့နှင့် ကြုံနေရတတ်သည်။ ကျန်းမာရေးအညံ့ရှိပြီး လေပွခြင်း၊ လေထခြင်း၊ နှလုံးရောဂါ စသဖြင့် သတိပြုရမည်။ အချစ်ရေး အဆင်မပြေ၊ တစ်ဖက်သတ်လမ်းခွဲခြင်းခံရတတ်သည်။ အိမ်ထောင်ရေး ပုံမှန်အနေအထားတွင် ရှိနေမည်။ ပညာရေး ကြိုးစားရန်လိုသည်။ ကြိုးစားနိုင်မှ တနင်္ဂကျသော အခြေအနေမျိုးတွင် ရှိနေမည်။

*ယတြာ။ တနင်္ဂနွေနေ့တွင် အိမ်ကဘုရားတွင် မုန့်လုံးရေပေါ် ၁၁ လုံး ကပ်လှူပေးပါ။*




**တနင်္လာ။** လုပ်ငန်းတွင် ကြိုးစားသလောက် တိုးတက်မှုမရဖြစ်နေတတ်သော်လည်း ပုံမှန်လည်ပတ်နေနိုင်မည်။ ငွေကြေး ပုံမှန်သဘော ရရှိနေမည်။ ပေးဆပ်စရာအချို့ကြောင့် ခေါင်းခဲနေရတတ်သည်။ ကျန်းမာရေးတွင် အစာအိမ်၊ အသည်း၊ အစာလမ်းကြောင်းဆိုင်ရာထဲမှ သတိပြုရမည်။ အချစ်ရေးအဆင်ပြေ၍ ပျော်ရွှင်ရမည်။ အိမ်ထောင်ရေး အဆင်ပြေသာယာနေမည်။ ပညာရေးကံ ကောင်းမွန်၍ အဆင့်မြင့်ပညာများ သင်ယူခွင့်ကြုံမည်။

*ယတြာ။ တနင်္လာနေ့ မွန်းလွဲပိုင်းတွင် စေတီတစ်ဆူ၏ မွေးနံထောင့်၌ ကုံကော် ၁၅ ညွန့် လှူပေးပါ။*



**အင်္ဂါ။** လုပ်ငန်းအဆင်ပြေ၍ တိုးတက်မှုအချို့ ကြုံမည်။ ငွေကြေး ပုံမှန်ဝင်နေသော်လည်း ရရန်ငွေကြေးအချို့ ကြန့်ကြာနေတတ်သည်။ ကျန်းမာရေး ကောင်းမွန်နေမည်။ အချစ်ရေး တစ်ဦးပေါ်တစ်ဦးအထင်မှားမှုမျိုးကြုံနေရတတ်သည်။ အိမ်ထောင်ရေး အဆင်မပြေ ဖြစ်တတ်သည်။ ပညာရေးကံ ကောင်းမွန်နေသော်လည်း ယာယီရပ်နားရမှုမျိုး ကြုံရတတ်သည်။

*ယတြာ။ အင်္ဂါနေ့ မွန်းမလွဲမီ စာကလေးသုံးကောင် လွှတ်ပေးပါ။*




**ဗုဒ္ဓဟူး။** လုပ်ငန်း တိုးတက်အောင်မြင်မှုများကြုံပြီး တိုးချဲ့လုပ်ကိုင်ရန် ဖြစ်လာတတ်သည်။ ငွေကြေး ပုံမှန်လည်ပတ်နေသည်။ သို့သော် ပေးစရာအချို့ကြောင့် အကျပ်အတည်း ကြုံရတတ်သည်။ ကျန်းမာရေး ပြဿနာအထူးမရှိပါ။ အချစ်ရေး ဆုံတွေ့ရတိုင်း စကားများရန်ဖြစ်နေရတတ်သည်။ အိမ်ထောင်ရေး ပြဿနာအထူးမရှိပါ။ ပညာရေးကံ ကောင်းမွန်နေ၍ နိုင်ငံခြား ပညာသင်ယူခွင့် ကြုံမည်။

*ယတြာ။ ဗုဒ္ဓဟူးနေ့ မွန်းမလွဲမီ ငါး ၁၇ ကောင် ဘေးမဲ့ လွှတ်ပေးပါ။*



**ကြာသပတေး။** အလုပ်အကိုင် ပုံမှန်လည်ပတ်နေနိုင်သော်လည်း အဆင်မပြေမှုအချို့ ကြုံနေရတတ်သည်။ ငွေကြေး ပုံမှန်လည်ပတ်နေနိုင်မည်။ ကျန်းမာရေး အာရုံကြောရောဂါ၊ ခေါင်းကိုက်ခြင်း၊ ခြေထောက်ပိုင်း အကြောအားနည်းခြင်းများ ကြုံရတတ်သည်။ အချစ်ရေး ကြားလူနှောင့်ယှက်၍ စိတ်ရှုပ်ရတတ်သည်။ အိမ်ထောင်ရေးအခြေအနေ အထူးကောင်းမွန် အဆင်ပြေနေမည်။ ပညာရေး ကြိုးစားချင်စိတ် ပျောက်နေတတ်သည်။

*ယတြာ။ ကြာသပတေးနေ့ မွန်းလွဲပိုင်းတွင် စေတီတစ်ဆူ၏ မွေးနံထောင့်၌ ပဲဆီဖြင့် ဆီမီးငါးခွက် ထွန်းညှိပူဇော်ပေးပါ။*



**သောကြာ။** အလုပ်ပုံမှန်အခြေအနေတွင်ရှိ၍ အထစ်အငေါ့အချို့ ကြုံရတတ်သည်။ ငွေကြေး အဆင်ပြေစွာ ရရှိနေမည်။ ကျန်းမာရေး ကောင်းမွန်နေမည်။ အမျိုးသမီးဇာတာရှင်များ သွေးသားမမှန်ခြင်း သတိပြုရမည်။ အချစ်ရေး အဆင်ပြေသာယာနေမည်။ အိမ်ထောင်ရေး တစ်ယောက်တစ်နေရာ နေရသကဲ့သို့ အဖြစ်မျိုး ကြုံနေရတတ်သည်။ ပညာရေး အဆင်မပြေ ရပ်နားရန် ဖြစ်တတ်သည်။

*ယတြာ။ သောကြာနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် စေတီတစ်ဆူ၏ မွေးနံထောင့်တွင် ရေသက်စေ့ သပ္ပာယ်ပေးပါ။*



**စနေ။** လုပ်ငန်းတိုးတက်မှု ရှိနေမည်။ ငွေကြေး ဖြည်းဖြည်းမှန်မှန် တိုးတက်ရရှိနေမည်။ ကျန်းမာရေး အညံ့ရှိ၍ စိတ်ဖိစီးမှု အာရုံကြောဦးနှောက်သွေးကြောဆိုင်ရာ ပြဿနာ သတိပြုပါ။ အချစ်ရေး ပြဿနာအထူးမရှိပါ။ သို့သော် ယာယီအဆက်အသွယ်ပြတ်မှု ဖြစ်နေတတ်သည်။ အိမ်ထောင်ရေး အဆင်ပြေနေမည်။ ပညာရေးကံ ကောင်းမွန်သည်။

*ယတြာ။ စေတီတစ်ဆူ၏ စနေထောင့်တွင် မွေးနေ့ မွန်းမလွဲမီ အလင်းတိုင် အပြာရောင် ၁၀ တိုင် ထွန်းညှိပူဇော်ပေးပါ။*

# မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ စက်တင်ဘာလ ဒုတိယအပတ်အတွင်း ဖမ်းဆီးရမိမှု အခြေအနေ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအား ဖမ်းဆီးရရှိခဲ့ရာ တစ်ပတ်အတွင်း ဖမ်းဆီးရရှိမှုအခြေအနေကို အောက်ပါအတိုင်း သိရှိရသည် -

| ဖမ်းဆီးရရှိမှု | | ကာလတန်ဖိုး |
|---|---|---|
| - ကွန်ဟိန်းမြို့နယ်၊ ဆိုင်းမွန်ကျေးရွာ | ဘိန်းဖြူ ၄ ဒသမ ၂ ကီလို | ကျပ် ၅၀၄ သိန်း |
| - သာစည်မြို့နယ်၊ ကွဲတပ်ဆုံကျေးရွာ | ဘိန်းစိမ်း ၁၅ ကီလို | ကျပ် ၁၄၃ ဒသမ ၇ သိန်း |
| - မြစ်သားမြို့နယ်၊ | ဘိန်းဖြူ ၁၂၀ ဒသမ ၁၂ ကီလို | ကျပ် ၃ ဒသမ ၀၀၀၃ ဘီလီယံ |

ဖမ်းဆီးရမိခဲ့သည့် ၎င်းတို့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိခဲ့သော ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို တည်ဆဲဥပဒေများဖြင့် အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း Central Committee For Drug Abuse Control Myanmar (CCDAC Myanmar) မှ သိရသည်။

*ကိုအောင်*

## မိုးရာသီကာလ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

- ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည် ဝမ်းရောဂါဖြစ်ပွားစေသော ရောဂါပိုးများပါရှိသည့် မသန့်ရှင်းသောရေနှင့် အစားအစာများ စားသောက်မိရာမှတစ်ဆင့် ကူးစက်ဖြစ်ပွားစေပါသည်။
- ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန် ဆောင်းအကူးတွင် အဖြစ်များသည်။
- ရောဂါပိုးပါဝင်သည့် ဝမ်းအညစ်အကြေးများတွင်ရှိနေသော ရောဂါပိုးများသည် ယင်ကောင်မှတစ်ဆင့်လည်းကောင်း၊ မသန့်ရှင်းသောလက်တို့မှတစ်ဆင့်လည်းကောင်း၊ အစားအစာ သောက်သုံးရေများအတွင်းသို့ ရောက်ရှိခြင်း (သို့မဟုတ်) တိုက်ရိုက်ဝင်ရောက်ခြင်း၊ (ဥပမာ- မိလ္လာပိုက်ပေါက်ခြင်း၊ အညစ်အကြေး၊ မြေသြဇာအသုံးပြုခြင်း)တို့မှ တစ်ဆင့် စားသောက်မိသူများအား ကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါဆက်လက်ကူးစက်စေပါသည်။
- ရောဂါလက္ခဏာများမှာ အရည်ဝမ်းများစွာသွားခြင်း၊ ငါးညှီနံ့ နံသော ဆန်ဆေးရည်ကဲ့သို့ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အရေပြား ကျုံ့ဆန့်နိုင်အား လျော့နည်းလာခြင်း၊ မျက်တွင်းချိုင့်ဝင်ခြင်း၊ ခံတွင်း/ လျှာနှင့် နှုတ်ခမ်းများ ခြောက်သွေ့ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ဖြစ်ပါသည်။
- **ကြိုတင်ကာကွယ်နိုင်သော နည်းလမ်းများမှာ -**
  အစာမစားမီနှင့် အစားအစာမပြင်ဆင်မီအချိန်၊ အညစ်အကြေးနှင့် အမှိုက်များကို ကိုင်တွယ်ပြီးချိန်နှင့် အိမ်သာမှ ဆင်းချိန်တိုင်းတို့တွင် လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာ စနစ်တကျ ဆေးကြောပါ။ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။ ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ။ ရေကို ကျိုချက်သောက်သုံးပါ။ အစားအစာများကို ကျက်အောင်ချက်ပြီးမှ စားသုံးပါ။ အစားအစာများကို ယင်မနားအောင် လုံခြုံစွာ ဖုံးအုပ်ထားပါ။ ခြင်၊ ယင်တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ပါ။
- ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသည်ဟု သံသယရှိလျှင် အချိန်မီကုသမှုမခံယူပါက လျင်မြန်စွာ အသက် ဆုံးရှုံးနိုင်သောကြောင့် နီးစပ်ရာကျန်းမာရေးဌာနများသို့ သတင်းပေးပို့ပြီး ထိရောက်သော ကုသမှုခံယူရမည်ဖြစ်ပါသည်။

*ကျန်းမာရေးဝန်ကြီးဌာန*

# မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

## ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ဒုတိယ ၁၅ ရက်အတွက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့မှ ၁၉ ရက်နေ့အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှလည်းကောင်း၊ စက်တင်ဘာလ ၂၀ ရက်နေ့မှ ၂၅ ရက်နေ့အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှလည်းကောင်း၊ စက်တင်ဘာလ ၂၆ ရက်နေ့မှ အောက်တိုဘာလ ၁ ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ် ဒေသများမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်ပါသည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂၁ ရက်မှ ၂၅ ရက်ခန့်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၁၆ ရက်မှ ၂၀ ရက်ခန့်နှင့် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၁၁ ရက်မှ ၁၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

*မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန*




## စပါးခင်းတွင် သတိပြုသင့်သည့် ဖြုတ်ပိုးအန္တရာယ်

မြန်မာနိုင်ငံတွင် အဓိကကျရောက်လေ့ရှိသည့် စပါးဖြုတ်ပိုးအမျိုးအစား သုံးမျိုးရှိပြီး ယခုကာလ သတိပြုသင့်သည့် စပါးခင်းကို အဓိကဖျက်ဆီးတတ်သော ဖြုတ်ပိုးမှာ ဖြုတ်ညိုနှင့် ဖြုတ်ကျောဖြူတို့ ဖြစ်ကြပါသည်။

### *ကျရောက်သည့်အချိန်*

ဖြုတ်ညိုပိုးသည် အပူချိန် (၂၇-၃၂) ဒီဂရီစင်တီဂရိတ်ကြား၊ စိုထိုင်းဆ ၇၀ ရာခိုင်နှုန်းနှင့် အထက်ရှိသည့် မိုးဆက်တိုက်ရွာသွန်းသော သို့မဟုတ် မိုးအုံ့ဆိုင်းသော ကာလများတွင် များသောအားဖြင့် ကျရောက် ဖျက်ဆီးတတ်ပါသည်။ အပင်ဦးရေကျပ်ခြင်း၊ လေဝင်လေထွက်နည်းခြင်း၊ နိုက်ထရိုဂျင်မြေသြဇာလွန်ကဲခြင်း၊ စိုက်ခင်းအတွင်း ရေအမြဲရှိနေခြင်း စသည့် အခြေအနေများသည် ဖြုတ်ညိုပိုး ကျရောက်မှုကို အားပေးသော အခြေအနေများ ဖြစ်ကြပါသည်။

### *ဖျက်ဆီးပုံလက္ခဏာများ*

စပါးဖြုတ်ညိုပိုးသည် စပါးပင်၏ ပင်ရည်ကို စုပ်ယူစားပြီး စပါးရွက်များ ခြောက်သွေ့၍ မီးလောင်ထားသကဲ့သို့ ဖြုတ်လောင်လက္ခဏာ (Hopper Burn) ကို ဖြစ်ပေါ်စေပြီး မြက်တူပင်တူရောဂါနှင့် စုတ်ပြတ်လိမ်တွန့်ဗိုင်းရပ်စ်ရောဂါများကို ကူးစက်စေပါသည်။ ဖြုတ်ကျောဖြူသည်လည်း ပင်ရည်ကို စုပ်ယူစားပြီး စပါးရွက်များ ခြောက်သွေ့၍ မီးလောင်ထားသကဲ့သို့ ဖြုတ်လောင်လက္ခဏာ (Hopper Burn) ကို ဖြစ်ပေါ်စေပြီး စပါးအနက်စင်း ပင်ပုဗိုင်းရပ်စ်ရောဂါကို ကူးစက်စေပါသည်။

### *ကာကွယ်နှိမ်နင်းရေးနည်းလမ်းများ*

ဖြုတ်ပိုးကျရောက်သော ဒေသများတွင် သက်လျှင်(သက်တမ်းတို) စပါးမျိုးကို စိုက်ပျိုးပါ။ မျိုးစေ့နှုန်းထားလျှော့၍ အပင်ဦးရေ ကျဲကျဲစိုက်ပါ။ နိုက်ထရိုဂျင်မြေသြဇာကို စပါးပင်အဓိကလိုအပ်ချိန်များတွင် အလီလီခွဲ၍ကျွေးပါ။ ဖြုတ်ပိုးကျရောက်ပါက မဖြစ်မနေ ရေထုတ်ပေးပါ။ ဖြုတ်ပိုးကျရောက်ရန် အားပေးသောရာသီဥတုအခြေအနေရှိပါက စိုက်ခင်းကြိုတင်ရေထုတ်ပြီး လေကြောင်းခွဲပေးပါ။ လက်ခံပင်ပေါင်းမြက်များဖြစ်သည့် မြက်မုန်ညင်း၊ ဝမ်းဘဲစာများကို ဖယ်ရှားပါ။ မီးထောင်ချောက်အသုံးပြုပါ။ ပိုတက်ရှ်မြေသြဇာကို မဖြစ်မနေသုံးစွဲပေးပါ။

*ကိုးကား* – အစိမ်းရောင်လမ်း




### တဖြုတ်ဖြုတ် (Pymetrozine 50% + Nitenpyram 20% WDG)

**ထိသေ၊ စားသေနှင့် ပင်လုံးပြန့်အာနိသင်ရှိ ရေဖျော်ပိုးသတ်ဆေးခဲ**

**အသုံးပြုရန်နှုန်းထား**

စပါး – တစ်ဧကလျှင် (၅၀-၁၀၀) ဂရမ်နှုန်းဖြင့် အသုံးပြုနိုင်ပါသည်။

**သတိပြုရမည့်အချက်များ**

- တစ်ရာသီဆေးဖျန်းကြိမ်ရေ (၃)ကြိမ်။
- ဆေးဖျန်းခြားရက် (၇)ရက်။
- ဆေးဖျန်းပြီးနောက် စိုက်ခင်းအတွင်း ပြန်လည်ဝင်ရောက်နိုင်သောကာလ (၂၄)နာရီ။
- တစ်ဧကလျှင် (၂၀)လီတာဝင် ဆေးဖျန်းပုံး ခြောက်ပုံးနှုန်းဖြင့် တွက်ချက်ထားပါသည်။

# ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်အောင် နေထိုင်လာသည့် တရုတ်ကျေးလက်ပြည်သူများ


ဓာတ်ပုံ – economicbusiness.com

တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ Xinshou ရွာသည် အပူချိန်မြင့်မားမှုကြောင့် ရေရှားပါးသည့်ပြဿနာနှင့် ရင်ဆိုင်ခဲ့ရသော်လည်း NGO များ၏ အကူအညီနှင့်ဒေသခံများ၏အားထုတ်မှုတို့ဖြင့် ရေအရင်းအမြစ်အသစ်များ ရှာဖွေနိုင်ခဲ့ခြင်းသည် ရာသီဥတုနှင့် လိုက်လျောညီထွေမှုဖြစ်စေရန် နေထိုင်ခြင်း၏ စံနမူနာတစ်ခုဖြစ်ကြောင်း ပညာရှင်များက သုံးသပ်ထားသည်။

Xinshou ရွာသည် ယန်ဇီမြစ်အထက်ပိုင်းတောင်ကုန်းတစ်ခုပေါ်တွင်တည်ရှိပြီး ရေတွင်းများနှင့် ရေလှောင်ကန်များကို မှီခိုနေကြရသည်။ အလွန်ပူပြင်းသော အပူချိန်နှင့် မိုးခေါင်ရေရှားမှုများသည် ရေကန်များကို ခြောက်သွေ့စေပြီး အပူဒဏ်ကြောင့် သက်ကြီးရွယ်အို အများအပြား သေဆုံးခဲ့ရသည်။

ကျေးလက်ဒေသ ပရဟိတအဖွဲ့ Zhaotong Yongqing သည် အပူချိန်မြင့်မားမှုနှင့် ရေရှားပါးမှုတို့၏ အကျိုးသက်ရောက်မှုများကို ကွင်းဆင်းသုတေသနပြုကာ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအစဉ်ကို ရေးဆွဲခဲ့သည်။ အဖွဲ့၏ အကူအညီဖြင့် ကျေးရွာရေအသုံးပြုမှုကို ကြီးကြပ်ရန် လူ ၃၀ ဦးပါဝင်သည့် ကော်မတီကို ဖွဲ့စည်းခဲ့ပြီး ရေလိုအပ်နေသည့် အိမ်ထောင်စု ၁၂ စုကို ရေစည်များ ထောက်ပံ့ပေးခဲ့သည်။ ကျေးရွာရေလှောင်ကန်များကို ပြုပြင်ရန်ပုံငွေရှာဖွေပြီး တောင်စောင်းများတွင် ရေအရင်းအမြစ် အသစ်များကို ရှာဖွေခဲ့သည်။

ရာသီဥတုပြောင်းလဲလာမှုနှင့် စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ သင်တန်းပေးလေ့ကျင့်မှုများကို ဆောင်ရွက်ခဲ့ပြီး သက်ကြီးရွယ်အိုများအတွက် ရာသီဥတုပြောင်းလဲမှုသည် ကျန်းမာရေးကို မည်ကဲ့သို့ အကျိုးသက်ရောက်ကြောင်း ပညာပေးခဲ့သည်။ ယခင်က ရေသုံးစွဲမှုဖြင့် အိမ်နီးချင်းပဋိပက္ခများ ပေါ်ပေါက်ခဲ့သော်လည်း ယခုအခါ သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုတွင် လိုက်လျောညီထွေစွာ နေထိုင်လာနိုင်ကြောင်း အဆိုပါအဖွဲ့မှ တာဝန်ခံ Yang Fang ကဆိုသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် အပင်ပိုးမွှားရောဂါဖြစ်ပွားမှုသည် ဒေသထွက်သီးနှံများကို ထိခိုက်စေပြီး လူငယ်များသည် မြို့များသို့ပြောင်းရွှေ့အလုပ်လုပ်ကိုင်မှု များပြားလာကာ သက်ကြီးရွယ်အို စိုက်ပျိုးရေးလုပ်သားအင်အားတိုးပွားလာစေသည်။ တရုတ်နိုင်ငံသည် ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်သော ပြင်းထန်သော ရာသီဥတုဖြစ်စဉ်များကြောင့် ထိခိုက်မှုအဆိုးရွားဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၀၀၈ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း စိုက်ပျိုးရေးကဏ္ဍ၏ ဆုံးရှုံးမှုထက်ဝက်ကျော်သည် သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ကြောင်း သိရသည်။

*ကျော်တင့်(ရွှေခရမ်း)*

# ထိုင်းနိုင်ငံ၏ ၂၀၂၄ ခုနှစ် ကျေးလက်ဒေသဖွံ့ဖြိုးမှု အညွှန်းကိန်း တိုးတက်လာ


ဓာတ်ပုံ – thaination.com

၂၀၂၄ ခုနှစ် ထိုင်းနိုင်ငံ ကျေးလက်တောင်သူလယ်သမားများ၏ ဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်းသည် ၈၁ ဒသမ ၃၉ အထိ ရောက်ရှိခဲ့ပြီး နိုင်ငံ၏တောင်ပိုင်းဒေသသည် တိုးတက်မှုတွင် ထိပ်ဆုံးမှ ရပ်တည်ခဲ့သည်။ သို့သော် ကျေးလက်ဒေသ၏ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများတွင် ပိုမိုအားကောင်းသော်လည်း ပညာရေးနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍတွင် တိုးတက်ရန် လိုအပ်လျက်ရှိသေးကြောင်း သိရသည်။

စိုက်ပျိုးရေးနှင့် သမဝါယမ ဆောင်ရွက်မှု အစီအစဉ် ၂၀၂၃–၂၀၂၇ အရ နှစ်စဉ် လယ်သမားများ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကဏ္ဍငါးခုဖြစ်သည့် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များကိုစုစည်းကာ အညွှန်းကိန်း ထုတ်ပြန်လျက်ရှိရာ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်အညွှန်းကိန်း ၈၀ ဒသမ ၇၉ ရာခိုင်နှုန်းဖြစ်ခဲ့သည်။

ယခုနှစ် ကျန်းမာရေးကဏ္ဍတွင် ရမှတ် ၉၉ ဒသမ ၈၇ အထိ ရရှိခဲ့ပြီး ကောင်းမွန်သော စိုက်ပျိုးရေးအလေ့အကျင့်များ(GAP)နှင့် ဘေးကင်းသော သဘာဝစိုက်ပျိုးရေးလုပ်ငန်းများကြောင့် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများ ထုတ်လုပ်နိုင်ခြင်းနှင့် အစားအစာဘေးကင်းရေးတို့ကို ပိုမိုဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့်ဖြစ်သည်။ စီးပွားရေးကဏ္ဍတွင် ကျေးလက်အိမ်ထောင်စုဝင်ငွေသည် ပျမ်းမျှ ၃၀၈၂၉၄ ဘတ်ဖြင့် ရမှတ် ၇၇ ဒသမ ၉၆ အလယ်အလတ်အဆင့်တွင် ရပ်တည်နေပြီး လယ်ယာထွက်ကုန်များအား ပြည်တွင်း၊ ပြည်ပဝယ်လိုအား မြင့်မားလာမှုနှင့် ခရီးသွားကဏ္ဍ ပြန်လည်ဦးမော့လာခြင်းတို့ကြောင့် ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကဏ္ဍတွင် ရမှတ် ၆၁ ဒသမ ၄၆ သာရရှိခဲ့ပြီး သစ်တောဖုံးလွှမ်းမှု လျော့နည်းခြင်းနှင့် တောမီးလောင်ကျွမ်းခြင်းဖြင့် ပျက်စီးဆုံးရှုံးမှုများရှိခဲ့ခြင်းတို့ကြောင့် ဖြစ်သည်။

အညွှန်းကိန်းများ ပိုမိုတိုးတက်လာရန်အတွက် မသင်မနေရပညာရေးကို လူတိုင်းလက်လှမ်းမီနိုင်စေရေး၊ သစ်တောများပြန်လည်ထူထောင်ရေးတွင် ရပ်ရွာလူထု ပူးပေါင်းပါဝင်စေခြင်း၊ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော စိုက်ပျိုးရေး အလေ့အကျင့်များကို အားပေးဆောင်ရွက်ရန် ပညာရှင်များက တိုက်တွန်းထားကြောင်း သိရသည်။

*ကျော်တင့်(ရွှေခရမ်း)*

# ဘင်္ဂလားဒေ့ရှ်ကမ်းရိုးတန်းဒေသ ရေချိုရရှိရေး ဆိုလာစနစ်အရေးပါ


ဓာတ်ပုံ – scoop.com.

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကျေးလက်ကမ်းရိုးတန်းဒေသများတွင် ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှု၊ ရေကြီးမှုနှင့် ဒီရေလှိုင်းများကြောင့် ရေချိုပြတ်လပ်ခဲ့ရာ ရေချိုရရှိရန်အတွက် ဆိုလာစနစ်သည် အရေးပါသော သော့ချက်တစ်ခုဖြစ်ကြောင်း သိရသည်။

ပင်လယ်ဆားငန်ရည်များသည် ရေချိုအရင်းအမြစ်များကို အန္တရာယ်ရှိသည့် ညစ်ညမ်းမှုများဖြစ်ပေါ်စေပြီး ကမ္ဘာ့ဘဏ်၏ ခန့်မှန်းချက်အရ အနောက်တောင်ကမ်းရိုးတန်းဒေသတစ်ခုတည်းတွင် ဆင်းရဲနွမ်းပါးသူ ၂ ဒသမ ၅ သန်းသည် ရေပြတ်လပ်မှုဒဏ်ကို ခံစားနေရကြောင်း သိရသည်။

ဈေးသက်သာသော တရုတ်နိုင်ငံထုတ်ဆိုလာပြားများသည် ရေပြတ်လပ်မှုဒဏ်ကို ကာလရှည်ကြာ ရင်ဆိုင်နေရသောဒေသများအတွက် အသက်သွေးကြောဖြစ်သည့် ရေသန့်စင်ရေးစက်ရုံများကို စွမ်းအင်ပေးလျက်ရှိသည်။

ရေသန့်စင် စက်ရုံများသည် ရေတွင်းရေကန်များ၊ မြစ်များအပါအဝင် အရင်းအမြစ်အမျိုးမျိုးမှ ရေများကို စုဆောင်းကာ နေရောင်ခြည်စနစ်ဖြင့် ရေများကို ပြန်လည်သန့်စင်နိုင်ခဲ့သည်။ စက်ရုံတစ်ခုစီသည် တစ်နာရီလျှင် ရေလီတာ ၁၀၀၀ ထုတ်လုပ်နိုင်စွမ်းရှိပြီး လျှပ်စစ်စွမ်းအင်ကို အားကိုးစရာမလိုဘဲ နေရောင်ခြည်မရှိဘဲ ဘက်ထရီဖြင့် ငါးနာရီထိ လည်ပတ်နိုင်ကြောင်း သိရသည်။

*ကျော်တင့်*

